ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 28 July 2025 ၁၁၈၉၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

## နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးလျှော်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ လည်းကောင်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန Website ၌ လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်ဖြေဆိုသူ ၁၂၄၀၇ ဦးရှိသည့်အနက် အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှု ရာခိုင်နှုန်းအနေဖြင့် ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

**လာရောက်ကြည့်ရှု**

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘများသည် စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



### ယနေ့ ဖတ်စရာ

**တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား အကျဉ်းသူများနှင့် သင်တန်းသားများ၏ ပညာသင်ယူခွင့် အခွင့်အရေးဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်**

စာမျက်နှာ » ၅

**ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆီ ရှေးရှုသည့် BRI ထီးရိပ်အောက်က CMEC**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY- PDF အမည်ခံအဖွဲ့ဝင် ၁၃ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်**

စာမျက်နှာ » ၁၁

**မိုက်ခရိုပရိုဆက်ဆာတို့ တိုးတက်ပြောင်းလဲလာခြင်း(၄)**

နည်းပညာနှင့် သုတကမ္ဘာ

စာမျက်နှာ » ၂၃

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၇

| | | | | |
|---|---|---|---|---|
| ဘားအံ | ၉ | ဒသမ | ၄၈ | လက်မ |
| ပေါင် | ၇ | ဒသမ | ဝ၈ | လက်မ |
| သထုံ | ၆ | ဒသမ | ၈၁ | လက်မ |
| မိုးညှင်း | ၄ | ဒသမ | ၃၇ | လက်မ |
| ခန္တီး | ၄ | ဒသမ | ၂၅ | လက်မ |
| ကော့ကရိတ် | ၄ | ဒသမ | ၁၄ | လက်မ |
| ကျိုက္ခမီ | ၄ | ဒသမ | ဝ၉ | လက်မ |
| ရေး | ၄ | ဒသမ | ဝ၁ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၉၈ | လက်မ |

ကြေးမုံ

# ပြည်သူလူထုဘဝ ကွင်းဆက်မပြတ်မှ လူမှုအသိုက်အဝန်းခိုင်မာအားကောင်း

နိုင်ငံတော်က တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး ဒေသအလိုက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားမြှင့်တင်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်လျက်ရှိရာ အစိုးရ၊ ပြည်သူလူထု၊ လူမှုအသိုက်အဝန်းများနှင့် ကွင်းဆက်မပြတ်ဘဲ ပိုမိုတိုးတက်ခိုင်မာ အားကောင်းလာမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အုပ်ချုပ်စီမံသူအဖွဲ့အစည်းများနှင့် အုပ်ချုပ်ခံ လူမှုအသိုက်အဝန်းများအကြား များသောအားဖြင့် သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်ဖြင့် ရပ်တည်လျက်ရှိရာ အချို့ကိစ္စရပ်များတွင် ပြည်သူလူထုနှင့် အလှမ်းဝေးပြီး ကွင်းဆက်ပြတ်သလိုမျိုးရှိခဲ့သည်။ နိုင်ငံတော်က ပြည်သူလူထုအကျိုးကို ဆောင်ရွက်ပေးနေသည်မှာမှန်သော်လည်း အချို့ကိစ္စများတွင် လက်တွေ့ဘဝနှင့် တစ်ထပ်တည်းမကျသဖြင့် လိုအပ်ချက်များ၊ မကျေနပ်မှုများရှိခဲ့မည်ဖြစ်သည်။ ယခုအခါ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူလူထု လူမှုဘဝနှင့် တစ်သားတည်းဖြစ်လာမည်ဟု မျှော်လင့်သည်။

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို မူလအခြေအနေမပျက် တည်ရှိနေရန်အတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ ပြည်သူများအနေဖြင့် သဒ္ဓါတရားထက်သန်သည့် လူမျိုးများဖြစ်သည်နှင့်အညီ အားနည်းသူကို ဝိုင်းဝန်းကူညီသည့် စာနာဖေးမမှုများဖြင့် ရိုင်းပင်းကူညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တွင် အကောင်အထည်ဖော်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးတစ်နည်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သူ့အလုပ်သူ့တာဝန်၊ ငါ့အလုပ် ငါ့အရေးဟူပြီး တာဝန်မသိသော အတ္တစိတ်ထားများကို လျှော့ချကြရမည်ဖြစ်သည်။ မိမိတို့အရေးသည် အရေးကြီးသည်မှာမှန်သော်လည်း ရပ်ရွာဒေသအရေး၊ ရပ်ရွာဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျွဲကူးရေပါဆိုသလို မိမိတို့လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သည်။

ယခုကာလများတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေသည့်ကာလဖြစ်သည်။ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ခုဖြစ်၍ ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရအဖွဲ့များအပြင် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန် ဝိုင်းဝန်းဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးအဆင့်အလိုက် လုပ်ငန်းစဉ်များလျာထားပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည်ခွဲခြား၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်မီဒီယာများအနေဖြင့် လုပ်ငန်းစဉ်များနှင့်အညီ သတင်းအချက်အလက်များ စဉ်ဆက်မပြတ် ထုတ်ပြန်ပေးခြင်း၊ အသိပညာမျှဝေပေးခြင်းတို့အပြင် အနုပညာရှင်များ စွမ်းအားနှင့်ပေါင်းစပ်၍ ဘေးသင့်ဒေသများသို့ သွားရောက်ပြီး စာနာမှု၊ အားပေးမှု၊ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးမှုတို့ကို ဆောင်ရွက်လျက်ရှိသည်။ လူမှုဘဝအဆင်ပြေတိုးတက်ခိုင်မာစေရေးအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ပြည်သူများကိုင်ဆောင်သည့် အသိအမှတ်ပြုအထောက်အထားများရရှိရေး၊ အသိပညာ အတတ်ပညာမြင့်မားတိုးတက်ရေး၊ သက်ဆိုင်ရာများက ပေးအပ်သည့် အကူအညီအထောက်အပံ့များ စနစ်တကျရရှိရေး၊ ရွေးကောက်ပွဲတွင် ပါဝင်လာရေး၊ မြို့ရွာဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး စသည့်လုပ်ငန်းစဉ်များအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ ဘဝအခြေအနေများကို မျက်ခြည်ပြတ်မခံဘဲ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခု စတင်အကောင်အထည်ဖော်နေပြီဖြစ်သော တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းစဉ်များအားလုံး စဉ်ဆက်မပြတ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ ဒေသဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ အတူလက်တွဲပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြစ်ကမ်းအနီးနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား ဒေသခံပြည်သူများ လာရောက်ဖူးမြော်ကြည်ညို လက်ဝတ်ရတနာများနှင့် အလှူငွေများ လာရောက်လှူဒါန်း



တောင်ငူ ဇူလိုင် ၂၇

မန္တလေးမြေလျှင်ကြီးဒဏ်ကြောင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၀ ရက်မှစတင်၍ ရွှေဆံတော်စေတီတော်မြတ်ကြီး၏အထွတ်မှ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်အား ဂန္ဓဝင်ကိုးခန်းသိမ်တော် ယာယီစံကျောင်းတော်သို့ ပင့်ဆောင်၍ အပူဇော်ခံကြည်ညိုလျက်ရှိသည်။

ထိုသို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အထွတ်မှ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဂန္ဓဝင်ကိုးခန်းသိမ်တော် ယာယီစံကျောင်းတော်သို့ ပင့်ဆောင်၍ အပူဇော်ခံကြည်ညိုလျက်ရှိရာ ယနေ့တွင်ဒေသခံပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုကြပြီး လက်ဝတ်ရတနာများနှင့်အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မြန်မာပြည်အနှံ့အပြားမှ ပြည်သူများ၊ ဒေသခံပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပြီး ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၅၅၄၃၆၆၄၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

ဇော်ကိုကို(ပြန်/ဆက်)

## မြန်အောင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး

မြန်အောင် ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အင်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင်၏စီမံမှုဖြင့် အင်ပင်နယ်မြေမီးသတ်စခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။




ဟောပြောရာတွင် အင်ပင်နယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဥက္ကာကျော် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ကာကွယ်နည်းစနစ်များ ဟောပြောခဲ့ပြီး အသက်ကယ်အင်္ကျီဝတ်ဆင်မှု သင်ကြားပြသပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရေဘဦးသာ

## ၂၇ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမွှဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမွှဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မန္တလေးမြို့၌ကျင်းပသော တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး

### အနုပညာဇဟိုဌာန(မန္တလေး)တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

မန္တလေး ဇူလိုင် ၂၇

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Y – Mandalay Hotel ၌ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့်လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ချမ်းမြသာစည်မြို့နယ်ရှိ အနုပညာဇဟိုဌာန တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်၊ကောလိပ်နှင့်အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၄၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက “ မင်္ဂလာပါ ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် “ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်” နှင့် “အနာဂတ်ကို ပိုင်စိုးသူ လူငယ်များ” ဗီဒီယိုကလစ်နှစ်ခုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် မန္တလေးမြို့အနေဖြင့် မူလအနေအထားအတိုင်း ပြန်လည်ရရှိနေပြီဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ သဒ္ဓါတရားထက်သန်သည့် မြန်မာလူမျိုးများဖြစ်သည့်အတိုင်း အားနည်းသူကို ဝိုင်းကူသည့်ပုံစံဖြင့် စာနာဖေးမမှုများဖြင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရန်၊ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံဆောင်ရွက်နေမှုများတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်ထွန်းကားပေါ်ပေါက်လာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T–2 Set Top Box အလုံး ၁၅၀ တို့ကို လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက လက်ခံရယူသည်။ ဆက်လက်၍ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအတွက် MRTV DTH အစုံ၂၀ နှင့် MRTV DVB T2 Set Top Box အလုံး ၄၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် မန္တလေးမြို့ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက “အောင်မြင်ပါစေ မြန်မာပြည်” တေးသီချင်းဖြင့် သီဆိုကပြပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အနုပညာဇဟိုဌာန(Myanmar Arts Center)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် Myanmar Land & Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အနုပညာဇဟိုဌာန(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းကို Myanmar Land & Development Limited က ၂၀၂၅ ခုနှစ် မတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ အဆောက်အအုံနှင့် ဆောက်လုပ်ရေးဧရိယာအတွင်း ချုံနွယ်များ ရှင်းလင်းရေးအပါအဝင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံသံတိုင်များ သန့်ရှင်းရေးပြုလုပ်ပြီး ဆီဆေးသုတ်ခြင်း၊ အဆောက်အအုံ သုံးထပ်တွင် ကြမ်းခင်းများပြုပြင်ခြင်း၊ RC Wall များတွင် အက်ကြောင်းများပြုပြင်၍ အချောကိုင်ခြင်း၊ ခြံစည်းရိုးအုတ်တံတိုင်း အရှည်ပေ ၂၀၇၀ ဆောက်လုပ်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေကန်နှစ်လုံး တည်ဆောက်ခြင်း၊ ရှစ်လက်မမြေအောက်ရေတွင်း နှစ်ခုတူးဖော်ခြင်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၃၃ ကေဗွီလိုင်းသွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာ စာကြည့်တိုက်နှင့် သပြေကုန်းကျေးရွာစာကြည့်တိုက်သစ်ဖွင့်ပွဲ ကျင်းပ



တပ်ကုန်း ဇူလိုင် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာ “သုတရောင်ခြည်” စာကြည့်တိုက်နှင့် သပြေကုန်းကျေးရွာ “ပညာလင်းရောင်ခြည်” စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ရွှေဥဒေါင်းကျေးရွာ “သုတရောင်ခြည်” စာကြည့်တိုက်နှင့် သပြေကုန်းကျေးရွာ “ပညာလင်းရောင်ခြည်” စာကြည့်တိုက် အဆောက်အအုံသစ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်မှူးများနှင့် သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာအချက်အလက်များ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ရောဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်



ရန်ကုန် ဇူလိုင် ၂၇

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ဇူလိုင်၂၅ ရက်က ရောဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ရောဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် တာဝန်ခံညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ နေထိုင်သည့် တောင်ဒဂုံမြို့နယ် ကွေ့မဝန်ထမ်းအိမ်ရာနှင့် သန်လျင်မြို့နယ် ညောင်သုံးပင်ဝန်ထမ်းအိမ်ရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တွေ့ဆုံမေးမြန်းကာ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားကျေးရွာသည် မိမိတို့ဝန်ကြီးဌာနအတွက် အဓိကပြယုဂ်တစ်ခုပင်ဖြစ်ပြီး တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများကို အများပြည်သူများ၊ ခရီးသွားဧည့်သည်များ စိတ်ချမ်းသာစွာ လာရောက်လေ့လာ အပန်းဖြေနိုင်ရန်အတွက် အမြဲသန့်ရှင်းသာယာလှပ၍ စိန်းလန်းစိုပြည်နေရန် လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ပါ လုပ်ငန်းစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တာဝန်ခံညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအိမ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ပြည်သူများ၊ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်လည်ပတ် အပန်းဖြေနေမှုကို လိုက်လံကြည့်ရှုပြီး ဝန်ထမ်းအိမ်ရာများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သောင်တူးခြင်းလုပ်ငန်း၊ မြေယာရှုခင်းပြုပြင်ခြင်းလုပ်ငန်း၊ ပန်းအလှစိုက်ပျိုးခြင်းလုပ်ငန်း၊ အပျိုဆောင်အထွေထွေပြုပြင်ခြင်းလုပ်ငန်း၊ အထွေထွေပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဟုမ္မလင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဒုတိယနေ့ စမ်းသပ်ခွဲစိတ်ကုသပေးနေမှု လိုက်လံကြည့်ရှု

မုံရွာ ဇူလိုင် ၂၇

သဲဖြူတောရဓမ္မရိပ်သာ ဆရာတော်ကြီး ဦးဆောင်၍ ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ မျက်စိဝေဒနာရှင်များအား စက္ခုဒါနအလှူတော် ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**လိုက်လံကြည့်ရှု**

အဆိုပါ စက္ခုဒါနအလှူတော် ဒုတိယနေ့အဖြစ် စမ်းသပ်ခွဲစိတ်ကုသပေးနေမှုများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဟုမ္မလင်းတပ်နယ်မှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး မျက်စိအထူးကု ဆရာဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကာ အကြီးစားခွဲစိတ်နေမှုများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် ခွဲစိတ်ပြီးလူနာများကို နေကာမျက်မှန်နှင့် ဆေးများပေးအပ်ကြပြီး လာရောက်ပြသကြသည့် မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအား နေ့လယ်စာနှင့် သောက်ရေသန့်များ ဝေငှပေးကြသည်။

သဲဖြူတောရဓမ္မရိပ်သာ ဆရာတော်ကြီး ဦးဆောင်၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာ စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိရာ ပထမနေ့နှင့် ဒုတိယနေ့တို့တွင် စမ်းသပ်လူနာပေါင်း ၈၂၄ ဦး၊ အကြီးစားခွဲစိတ်လူနာ ၁၀၂ ဦး၊ အသေးစားခွဲစိတ်မှုကိုးဦးကို စမ်းသပ်ခွဲစိတ်ကုသပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ ချင်းတွင်းမြစ်ကမ်းပြိုကာကွယ်ရေး ကျောက်စီမြေထိန်းတမံအလျားပေ ၃၀၀ ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြစ်ကမ်းဘေးနေပြည်သူများအနေဖြင့် သဘာဝဘေးအား ကြိုတင်မြော်တွေးကာ အသင့်ပြင်ဆင်ထားရှိရန်၊ ရေထိန်းတာပေါင်များ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန်နှင့် အမှိုက်များ စည်းကမ်းမဲ့မစွန့်ပစ်ကြရန် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

# တာချီလိတ်မြို့နယ်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ ချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား အကျဉ်းသူများနှင့် သင်တန်းသားများ၏ ပညာသင်ယူခွင့် အခွင့်အရေးဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၈ /၂၀၂၅)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၆၆ ပုဒ်မခွဲ(က)၊ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားခဲ့သော ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈၊ ၂၉၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉ ခုနှစ်) ပုဒ်မ ၄၆၊ ၄၇ နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကိုတွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်း ပညာရေးဆက်လက်သင်ယူလိုသည့် အကျဉ်းသား အကျဉ်းသူများ ရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုတိုက်တွန်းလျက်ရှိပါသည်။

၃။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာန အောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှအကျဉ်းသား ၆ ဦး စုစုပေါင်းအကျဉ်းသား ၁၆ ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၃ ဘာသာဂုဏ်ထူးရှင် ၆ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၄ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၄ ဦး ပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ၁ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း မန္တလေးမှ ၁ ဦး၊ လားရှိုး လူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ လပွတ္တာ လူငယ့်အားမာန်သင်တန်းကျောင်းမှ ၁ ဦး စုစုပေါင်း သင်တန်းသား ၅ ဦးလည်း ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူ အကျဉ်းထောင်များရှိ အကျဉ်းသား အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား အကျဉ်းသူများနှင့် သင်တန်းသားများ၏ ပညာသင်ယူခွင့် အခွင့်အရေးဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

---

☆ **ရှေ့ဖုံးမှ**

ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ကျွန်တော့်စာစစ်ဌာန အနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၃၃၉ ဦးရှိခဲ့ပြီး ဖြေဆိုအောင်မြင်သူ ၁၁၃ ဦးရှိပါတယ်။ ဒါကြောင့် အောင်ချက် ရာခိုင်နှုန်းအနေနဲ့ ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၂ ဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၆ ဦး ထွက်ရှိတဲ့အတွက် စုစုပေါင်း ဂုဏ်ထူးရှင် ၄၈ ဦးရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲတွေကြားကနေ ကြိုးစားအားထုတ်ပြီး အောင်မြင်မှုရရှိအောင် ကြိုးစားဖြေဆိုခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေအစား ဂုဏ်ယူမိပါတယ်။ စာမေးပွဲ ပြန်လည်ဖြေဆိုကြဖို့ တွန်းအားပေးခဲ့ကြတဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။ စာမေးပွဲ မအောင်မြင်ခဲ့ကြတဲ့ ကျောင်းသား ကျောင်းသူတွေ အနေနဲ့လည်း စိတ်အားငယ်စရာ မလိုဘဲ ဆက်လက်ကြိုးစား ဖြေဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီနှစ် Grade-12 တက်ရောက်ကြမယ့် ကျောင်းသား ကျောင်းသူတွေ အနေနဲ့လည်း ရှေ့က အစ်ကိုတွေ၊ အစ်မတွေရဲ့ အခက်အခဲတွေကြားကနေ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြပြီး အောင်မြင်မှုရယူခဲ့ကြတာကို အတုယူကြစေလိုပါတယ်"ဟု ပြောသည်။

အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးဝင်းခိုင်က "ကျွန်တော့်ကျောင်းမှာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇီဝဗေဒဘာသာတွဲ ၄၈ ဦး ဝင်ရောက်ဖြေဆိုမှုမှာ အောင်မြင်သူ ၃၀ နဲ့ ဘောဂဗေဒဘာသာတွဲမှာ အောင်မြင်သူ သုံးဦးဖြစ်တဲ့အတွက် အောင်မြင်မှုရာခိုင်နှုန်းက ၄၉ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ လေးဘာသာ တစ်ဦး၊ သုံးဘာသာ ငါးဦး၊ နှစ်ဘာသာ၊ တစ်ဘာသာနဲ့ စုစုပေါင်း ၂၇ ဦးဖြစ်ပါတယ်။ ဒုတိယအကြိမ် ဖြေဆိုမှုအတွက်လည်း ကျောင်းသား ကျောင်းသူတွေ မျှော်မှန်းသလို ဖြစ်ခဲ့တယ်လို့လည်း ယုံကြည်ပါတယ်။ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူတွေအတွက်သူတို့ရဲ့ မိဘတွေကိုယ်စားလည်း ဂုဏ်ယူပါတယ်။ သူတို့တွေ ဖြစ်ချင်တဲ့ဆန္ဒနဲ့ ကျောင်းကောင်းကောင်းတွေကို တက်ရောက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျရှုံးတဲ့ ကျောင်းသား ကျောင်းသူတွေလည်း စိတ်ဓာတ်မကျဘဲ ခွန်အားအသစ်တွေနဲ့ ဆက်လက်ဖြေဆိုကြိုးစားကြပါလို့ ပြောချင်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲက အခြေခံပညာရဲ့ အမြင့်ဆုံးစာမေးပွဲ ဖြစ်ပါတယ်။ ဒီစာမေးပွဲက ကလေးတွေကိုယ်တိုင် ကြိုးစားမှသာလျှင် ရည်မှန်းတဲ့ပန်းတိုင်ကို ရောက်ရှိမှာဖြစ်လို့ ဖွဲ၊ ဝီရိယ၊ လုံ့လ တွေနဲ့ ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု ပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော် နယ်မြေအတွင်း ဖြေဆိုအောင်မြင်မှုအနေဖြင့် ပျဉ်းမနားမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၄၇၉ ဦး၊ ရိုးရိုးအောင်မြင်သူ၆၉၉ဦး



ဦးဝင်းမြင့်ဦး



ဦးဝင်းခိုင်



မောင်ပိုင်ထက်ဦး



မကြည်နူးဆက်

စုစုပေါင်း ၁၁၇၈ ဦး၊ အောင်ချက် ရာခိုင်နှုန်း ၅၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူပေါင်း ၂၁၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၈၈ ဦး စုစုပေါင်း ၆၀၂ ဦး၊ အောင်ချက် ရာခိုင်နှုန်း ၄၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၇၀၊ ရိုးရိုးအောင်မြင်သူ ၇၉၉ ဦး စုစုပေါင်း ၁၁၆၉ ဦး၊ အောင်ချက် ရာခိုင်နှုန်း ၄၇ ဒသမ ၁၈ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၆၀၊ ရိုးရိုး အောင်မြင်သူ ၁၀၁ ဦး စုစုပေါင်း ၁၆၁ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၅ ဒသမ ၆၁ ရာခိုင်နှုန်း၊ ဥတ္တရသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၄၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၃၄ ဦး စုစုပေါင်း ၅၇၈ ဦး၊ အောင်ချက် ရာခိုင်နှုန်း ၅၂ ဒသမ ၈၈ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၆၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၅၇၂ ဦး စုစုပေါင်း ၈၄၁ ဦး၊ အောင်ချက် ရာခိုင်နှုန်း ၄၆ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၉၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၄၁၄ ဦး စုစုပေါင်း ၆၁၀၊ အောင်ချက် ရာခိုင်နှုန်း ၄၃ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၉၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၄၀၃ ဦး၊ စုစုပေါင်း ၆၀၂ ဦး၊ အောင်ချက် ရာခိုင်နှုန်း ၃၈ ဒသမ ၁၃ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ် ဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ပိုင်ထက်ဦးက "ကျွန်တော် ဂုဏ်ထူးရရှိတဲ့အပေါ် အင်မတန် ဝမ်းသာပါတယ်။ ဂုဏ်ထူးတွေအများကြီး မျှော်မှန်းခဲ့ပေမယ့် တစ်ဘာသာပဲ ထွက်ခဲ့ပါတယ်။ ကျန်တဲ့ဘာသာတွေလည်း အမှတ်များမယ်လို့ ထင်ပါတယ်။ ဒုတိယအကြိမ်ဖြေဆိုမှုကိုလည်း ကျေနပ်အားရမှုရှိပါတယ်။ ပထမအကြိမ်ဖြေဆိုမှုရဲ့ အားနည်းချက်တွေကို ပြင်ဆင်မှုရခဲ့ပါတယ်။ ကျွန်တော် အမှတ်စာရင်းအတွက် တော့ ရင်ခုန်နေပါတယ်။ ကျွန်တော် တက်ချင်တဲ့ကျောင်းကို တက်လို့ ရမယ်လို့ မျှော်လင့်ထားပါတယ်။ နောင်လာနောက်သား ညီလေး၊ ညီမလေးတွေကိုလည်း တစ်နေ့စာ တစ်နေ့ကို လေ့လာလေ့ကျင့်ကြပါလို့ ပြောချင်ပါတယ်။ အချိန်ပိုတွေ ရှိခဲ့ရင် ပြန်လှန်လေ့ကျင့်ခန်းတွေ၊ မေးခွန်းဟောင်းတွေကို လေ့ကျင့်ကြပါလို့ ပြောချင်ပါတယ်။ ကျရှုံးတဲ့ သူငယ်ချင်းတွေကိုလည်း အားမလျှော့ဘဲ ဆက်လက်ကြိုးစား ဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဝင် စာမေးပွဲတွင် အင်္ဂလိပ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဂုဏ်ထူးများဖြင့် အောင်မြင်သူ မကြည်နူးဆက်က "အခုလို လေးဘာသာဂုဏ်ထူး ရရှိမှုအပေါ် အင်မတန် ဝမ်းသာပါတယ်။ ဘာသာစုံ ဂုဏ်ထူးထွက်ဖို့ မျှော်မှန်းပြီး ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကျန်တဲ့ နှစ်ဘာသာမှာ လွဲချော်မှုလေးရှိခဲ့တယ်လို့ ထင်ပါတယ်။ ဂုဏ်ထူးမထွက်ခဲ့ပေမယ့် အမှတ်ကောင်းမယ်လို့ ထင်ပါတယ်။ ကျောင်းပုံမှန်တက်ပြီး တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာ ကျက်မှတ်ပါတယ်။ ပြန်လှန် လေ့ကျင့်ခန်းတွေ လုပ်တဲ့အချိန်မှာ တစ်နေ့စာတစ်နေ့ လေ့လာခဲ့တာတွေက အထောက်အကူပြုပါတယ်။ သင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ရင်း တစ်နှစ်တာကို ဖြတ်သန်းခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် စာမေးပွဲဖြေဆိုမှုက အခွင့်အရေး တစ်ခုဖြစ်ခဲ့လို့ ကျေနပ်အားရမှု ရှိခဲ့ပါတယ်။ ပထမအကြိမ်က အမှားတွေ၊ အားနည်းမှုတွေကို ပြန်လည် ပြင်ဆင်ခဲ့ပါတယ်။ နောက်ဖြေဆိုမယ့် မောင်လေး၊ ညီမလေးတွေကို Grade -12 က စိတ်ပင်ပန်းရမယ့် အတန်းမဟုတ်ဘူးလို့ပြောချင်ပါတယ်။ တစ်နေ့စာတစ်နေ့၊ တစ်ပတ်စာ တစ်ပတ် သင်ခန်းစာတွေကိုသေချာလေ့ကျင့်မယ်ဆိုရင် အောင်မြင်အောင် ဖြတ်ကျော်နိုင်မယ့် အတန်းဖြစ်ပါတယ်။ ဂုဏ်ထူးတွေပါ မှန်းမယ်ဆိုရင်တော့ ဖွဲ၊ ဝီရိယ၊ လုံ့လတွေကို ပိုပြီး အားစိုက်ထည့်ရမှာ ဖြစ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းနဲ့ မေးခွန်းဟောင်းတွေကို သေချာလေ့ကျင့်ကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ (ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့ပြီး မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်စွာဝင်း**
**ဓာတ်ပုံ - ကိုထိန်**

စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

# ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆီ ရှေးရှုသည့် BRI ထီးရိပ်အောက်က CMEC

နိုင်ငံတကာဆက်ဆံရေးတွင် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားဖြစ်ထွန်းရန် ရည်မှန်းချက်နှင့် အပြန်အလှန်လေးစားမှုတို့ဖြင့် ဆက်ဆံရေးကောင်းများ တည်ဆောက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးသောအခြေခံမှုတစ်ခုဖြစ်သည်။ ထိုအချက်များပြည့်စုံနေသမျှ သံသယများ ပျောက်ကွယ်ကာ ယုံကြည်မှုတိုးလာမည်၊ ငြိမ်းချမ်းသာယာမည်၊ ဖွံ့ဖြိုးတိုးတက်လာမည်၊ ဒေသတွင်းတည်ငြိမ်မှုကို အထောက်အကူပြုနေမည်သာ ဖြစ်သည်။

မိုးကေနိုင်

> လက်ရှိပြည်တွင်းရေးပဋိပက္ခများကြောင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းများ နောက်ဆုတ်သွားလေမလားဟု နှပ်ကြောင်းပေးကြသည်။ ကြွေးမြီထောင်ချောက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ထောက်ပြကြသည်။ သို့သော် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဦးတည်သည့် ကမ္ဘာတစ်ဝန်း ကမ္ဘာပတ်လမ်းယုံကြည်ချက်ကို တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက လွယ်လွယ်နှင့် အလျှော့မပေးတတ်ပုံနှင့် မြန်မာနိုင်ငံ၏ ရေရှည်မျှော်မှန်းချက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်နှင့် BRI ဆက်စပ်နေမှုများကို သူတို့မေ့နေပုံရသည်။ ရေရှည်မဟာဗျူဟာအကျိုးစီးပွား၊ တရုတ်နိုင်ငံတောင်ပိုင်း ပြည်နယ်များအပါအဝင် ဒေသတွင်းလုံခြုံရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို သာမန်စီးပွားရေးအမြင်ထက် ကျော်လွန်ကြည့်နိုင်ရန်လို

သို့ဖြစ်၍ အစိုးရများအကြား၊ အဖွဲ့အစည်းများအကြား၊ ပြည်သူများအကြားတွင် အေးအတူ၊ ပူအမျှ စိတ်ဓာတ်၊ တည်တံ့ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်ဓာတ်များ အစဉ်ကိန်းအောင်းနေရမည်ဖြစ်သည်။ အထက်ပါအချက်များအပေါ် အခြေခံ၍ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုအပြည့်ဖြင့် ခိုင်ခိုင်မာမာတည်ဆောက်လာခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည်လည်း ၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က ၇၅ နှစ်စိန်ရတုတိုင်ခဲ့ပြီးဖြစ်ပါသည်။

## အားသာချက်များနှင့်အတူ ဗဟုဝင်ရိုးဆီ

ယနေ့ကမ္ဘာ့နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး သဘောတရားများဖြင့် ရစ်ပတ်ချည်နှောင်လာကြသည်။ မိမိတို့နိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံတို့အကြား ပထဝီအနေအထားအရလည်းကောင်း၊ အရှေ့တောင်အာရှနှင့် တောင်အာရှဆုံချက်တွင် မဟာဗျူဟာအချက်အချာကျကျ တည်ရှိနေမှုကြောင့်လည်းကောင်း ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ချိတ်ဆက်ရာတွင် နိုင်ငံအတွက် အကျိုးကျေးဇူးများ ရရှိစေပါသည်။

အားနည်းသော၊ မတည်ငြိမ်သော အခြေအနေမျိုးတွင် ပို၍အားကောင်းလာစေပြီး တည်ငြိမ်မှုကို ရရှိစေသည်။ မြန်မာနိုင်ငံတွင် ရေချိုမြစ်ချောင်းပေါများသည်၊ သဘာဝတောတောင်အနေအထား၊ လူသားအရင်းအမြစ်နှင့် သယံဇာတကြွယ်ဝသည်။ စိုက်ပျိုးမွေးမြူရေး ရေခံမြေခံကောင်းကာ ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးဇုန်များ ထူထောင်နိုင်မည့် အလားအလာများကြောင့် ခိုင်မာသည့်ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် အားသာချက်များလည်း ရှိနေသည်။

ယခုအခါ ကမ္ဘာကြီးသည် Unipolar (ဧကဝင်ရိုး) မှသည် Multipolar (ဗဟုဝင်ရိုး)ဆီ ရွေ့လျားနေပြီဖြစ်သည်။ အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုပုံစံများ ပြောင်းလဲလာ၍ ဖြစ်သည်။ Globalization (ကမ္ဘာအနှံ့ဖြန့်ကြက်မှု) မှ Regionalization (ဒေသဆိုင်ရာဖြန့်ကြက်မှု)ဆီ ဦးတည်သွားနေပြီး ဒေသအဆင့် စုစည်းမှုကို ပုံဖော်လာကြသည်။ စုစည်းမှု တစ်ခုနှင့်တစ်ခုအကြား တစ်ဖက်စောင်းနင်း မဖြစ်အောင်၊ ပါဝါဟန်ချက်ညီအောင် ထိန်းညှိကြရင်းဖြင့် တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးကို ပုံဖော်နိုင်အောင် ကြိုးစားနေကြသည်။

ဤသို့ကြိုးစားမှုတွင် မိမိတို့နိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ ပြောင်းလဲလာသည့် ဗဟုဝင်ရိုးအစီအစဉ်တွင် မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအရ လက်တွေ့ကျသော ပကတိအခြေအနေများနှင့်အညီ လိုက်ပါစီးမျောရမြဲဖြစ်ပါသည်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် စီးပွားရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ မိတ်ဖက် အများအပြားတည်ဆောက်၍ စားရေရိက္ခာဖူလုံမှု၊ စီးပွားရေး၊ လုံခြုံရေး၊ နည်းပညာ၊ စွမ်းအင်ကဏ္ဍများတွင် ဘက်စုံပူးပေါင်းခြင်းဖြင့် လိုက်လျောညီထွေ ရပ်တည်လျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင်ဖြစ်သည်။ ဈေးကွက်တစ်ခုတည်းမက ဈေးကွက်ပေါင်းများစွာဖြင့် နိုင်ငံစုံ ကုန်သွယ်ဆက်ဆံရေးမှ ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းမှုအထိ ဖြန့်ကြက်နိုင်ရန် လိုအပ်သည်။ သို့မှသာ ဒေသတွင်း ထုတ်လုပ်မှုကွင်းဆက် အားကောင်းလာမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ရာလည်း ရောက်မည်ဖြစ်ပါသည်။

## တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက် အကျိုးစီးပွား

ဘက်စုံဖွံ့ဖြိုးမှုပုံရိပ်ကောင်းများဖြင့် အင်အားကြီးမားလာသည့် တရုတ်နိုင်ငံသည် နိုင်ငံတကာ ပိတ်ဆို့မှုဒဏ်ခံရသည့် မြန်မာနိုင်ငံကို နိုင်ငံရေးအရ၊ စီးပွားရေးအရ မတွေဝေ၊ မယိမ်းယိုင်၊ ထောက်ခံမှု အမြဲပေးသည့် နိုင်ငံဖြစ်သည်။ တစ်နိုင်ငံတည်း ရပ်တည်၍ မရ၊ ဖိအားဒဏ်ကြံ့ကြံ့ခံနိုင်ရန်နှင့် တိုးတက်မှုအတွက် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို တိုးချဲ့နေရမည်သာဖြစ်သည်။ ကီလိုမီတာ ၂၀၀၀ ကျော် နယ်စပ်ချင်းထိဆက်နေသည့် မြန်မာနှင့် တရုတ်နှစ်နိုင်ငံသည် ပထဝီဝင်အနေအထားအရ မဟာဗျူဟာမိတ်ဖက်များအဖြစ် ရှိနေရမည်သာ။

ကုန်းတွင်းပိတ် တရုတ်နိုင်ငံ တောင်ပိုင်းပြည်နယ်များ၏ စွမ်းအင်လုံခြုံရေးနှင့် နိုင်ငံတကာဈေးကွက် အာမခံချက်တစ်ခုဖြစ်သည်ဆိုလျှင်လည်း မမှားပါ။ ထို့ကြောင့် မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ OBOR ခါးပတ်တစ်ကွင်း လမ်းတစ်စင်းကို တင်စားထားသည့် **Belt Road Initiative – BRI ( ရပ်ဝန်းတစ်ခုလမ်းကြောင်း)** တွင် ရပ်တည်လာခြင်းဖြင့် ကမ္ဘာ့အစီအစဉ်သစ်ကြီးထဲ ပါဝင်လျက်ရှိနေပါပြီ။

တရုတ်နိုင်ငံသို့ တင်သွင်းသည့် လောင်စာဆီ ၈၀ ရာခိုင်နှုန်းခန့် ဖြတ်သန်းရာ အိန္ဒိယသမုဒ္ဒရာသို့ စီးဝင်နေသည့် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားမှုက ကမ္ဘာ့ကုန်သွယ်မှု ချက်မတစ်ခုအဖြစ် ဆွဲဆောင်နေသည်ကို မဟာဗျူဟာကျကျ မြင်ရပါမည်။ ထိုကမ်းရိုးတန်းတွင် တည်ရှိသည့် မဟာဗျူဟာမြောက် ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် **China– Myanmar Economic Corridor (CMEC)** အစီအစဉ်တွင် ပါဝင်နေပြီး တရုတ်နိုင်ငံ ကုန်သွယ်မှုလမ်းကြောင်း၊ သယ်ယူပို့ဆောင် ထုတ်လုပ်ဖြန့်ဖြူးရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည့်အတွက် တရုတ်နိုင်ငံအတွက် ကုန်ကျသလောက် အကျိုးရှိထိရောက်မည့် Cost effective–ness အကျိုးကျေးဇူးကို ရရှိမည့်အပြင် ကာလအတန်ကြာ မှီခိုနေရသည့် မာလက္ကာရေလက်ကြားဖြတ်သန်းရမှုကို လျှော့ချနိုင်မည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

## စီးပွားရေးစင်္ကြံဟူသည်နှင့် မြန်မာနိုင်ငံ အကျိုးစီးပွား

မြန်မာနိုင်ငံအနေဖြင့် ခိုင်မာသည့်စီးပွားရေး အခြေခံအုတ်မြစ်ပေါ်တွင် ရပ်တည်နိုင်ရန် အစိုးရအဆက်ဆက်က ဖွံ့ဖြိုးရေးစီမံကိန်းများစွာကို အကောင်အထည်ဖော်လျက်ရှိခဲ့ပါသည်။ စီမံကိန်းများစွာအနက် **China – Myanmar Economic Corridor (CMEC)** တရုတ် – မြန်မာစီးပွားရေးစင်္ကြံ စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စီးပွားရေးစင်္ကြံဟူသော အသုံးအနှုန်းသည် ကျယ်ပြောသောဧရိယာအတွင်းရှိ အရင်းအမြစ်မညီမျှသော နိုင်ငံများကိုဖြတ်၍ အခြေခံအဆောက်အဦများဖြစ်သော ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်းများနှင့် စက်မှုနည်းပညာဇုန်များကို တိုးချဲ့တည်ဆောက်ကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်မှု ဝန်ဆောင်မှုကွင်းဆက်များကို နိုင်ငံအဖွဲ့အစည်းများ၏ မူဝါဒများ၊ စီမံကိန်းများ၊ သဘောတူညီချက်များစွာဖြင့် ကွန်ရက်သဖွယ် ချိတ်ဆက်ထားမှုကြီးပင်ဖြစ်သည်။

မြန်မာနိုင်ငံက မဟာဗျူဟာမြောက်မိတ်ဖက်အဖြစ်ပါဝင်နေသော CMEC စီမံကိန်း ၃၆ ခုတွင် အရေးကြီးသော ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်မှု၊ ဘဏ္ဍာငွေကြေး၊ လူ့စွမ်းအားဖွံ့ဖြိုးမှု၊ ဆက်သွယ်ရေး၊ လမ်းတံတား၊ လျှပ်စစ်၊ စိုက်ပျိုးမွေးမြူရေး၊ သုတေသနနှင့် နည်းပညာနယ်ပယ်များ လွှမ်းခြုံပါဝင်သော စီမံကိန်းခြောက်ခုကို အရှိန်အဟုန်မြှင့်တင်ရန် တရုတ်–မြန်မာနှစ်နိုင်ငံအကြား သဘောတူညီချက်များ ရရှိထားပါသည်။ အချို့သော စီမံကိန်းများသည် ဆောင်ရွက်ဆဲနှင့် စတင်ဆောင်ရွက်သည့် အနေအထားတွင် ရောက်ရှိနေပါပြီ။ ထို့အတွက် Asian Infrastructure Investment Bank (AIIB) ကဲ့သို့ တရုတ်နိုင်ငံပိုင်ဘဏ်များနှင့် တရုတ်နိုင်ငံအစိုးရက ငွေကြေးထောက်ကူမှုများကို ၂၀၁၄ ခုနှစ်ကတည်းက ပေးနေပြီဖြစ်ပါသည်။

CMEC ကို အမှန်တကယ်သာ အကောင်အထည်ဖော်နိုင်လျှင် မြန်မာနိုင်ငံအတွက် များစွာသော အခွင့်အလမ်းနှင့် အားသာချက်များ ရရှိလာမည်ဟု ယုံကြည်ပါသည်။ စီးပွားရေးတိုးတက်လာမည်၊ ကုန်သွယ်ရေးအားကောင်းလာမည်၊ ဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်မိပြီး အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာမည်၊ စွမ်းအင်ဖူလုံမှုနှင့်အတူ ပြည်သူတို့၏ လူနေမှုဘဝနှင့် ယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့်ကော ဌာနေတိုင်းရင်းသား လူမျိုးစုများကြားတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု မညီမျှမှု ကွာဟချက်များ ကျဉ်းမြောင်းသွားမည်ဖြစ်သည်။ မယုံကြည်မှု သံသယများ ပျောက်ကွယ်ပြီး အပြန်အလှန်ယုံကြည်မှုများ တိုးပွားလာမှာသေချာသည်။ ထိုမှတစ်ဆင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးအရ တည်ငြိမ်မှုဆီ၊ ကြွယ်ဝချမ်းသာမှုနှင့် တည်ငြိမ်အေးချမ်းမှုသို့ ရောက်ရှိလာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် စီးပွားရေးနှင့် နိုင်ငံရေးဆက်နွယ်မှု နိုင်ငံရေးဘောဂဗေဒသဘောတရားအရ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် နိုင်ငံရေးတည်ငြိမ်မှုလည်းရရှိလာမည်ဟူသော အပြုသဘောခံယူချက်မျိုးဖြစ်ပါသည်။

## ဆန့်ကျင်ဘက်အမြင်များကား ရှိနေမည်သာ

အချို့ပြိုင်ဘက် အင်အားကြီးနိုင်ငံများအနေဖြင့်မူ တရုတ် BRI ကို အပြုသဘော မမြင်နိုင်ဘဲ အနုတ်ဘက်ဇောင်းပေး၍ တိုက်ခိုက်ကြသည်။ မဟာပါဝါအရွေ့တစ်ခု၏ လားရာကို ဆန့်ကျင်ဟန့်တားလိုကြသည်။ ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် ထွက်ပေါ်ခဲ့သည့် နိုင်ငံတကာစာတမ်းအချို့မှာ BRI, CMEC တို့နှင့်ပတ်သက်၍ ဆန့်ကျင်ဘက်အမြင်များကိုသာ ရေးသားဖော်ပြလေ့ရှိသည်ကို တွေ့ရသည်။ မြန်မာပြည်သူများအတွက် တရုတ်နိုင်ငံက ကူညီခဲ့သည့် ကိုဗစ်၊ ငလျင်စသည့်ကပ်ဘေးများတွင် လူသားချင်းစာနာမှု အကူအညီများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ဖွံ့ဖြိုးမှုအကူအညီများကိုလည်း အကောင်းမမြင်၊ CMEC ကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင်လည်း မြန်မာနိုင်ငံအပေါ် လွှမ်းမိုးလိုမှု၊ ဒေသတွင်းသြဇာထူထောင်မှုတစ်ခုအဖြစ် အဆိုးမြင်ကြသည်။

ထို့အပြင် လက်ရှိပြည်တွင်းရေးပဋိပက္ခများကြောင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းများ နောက်ဆုတ်သွားလေမလားဟု နှပ်ကြောင်းပေးကြသည်။ ကြွေးမြီထောင်ချောက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ထောက်ပြကြသည်။ သို့သော် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဦးတည်သည့် ကမ္ဘာတစ်ဝန်း ကမ္ဘာပတ်လမ်း ယုံကြည်ချက်ကို တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက လွယ်လွယ်နှင့် အလျှော့မပေးတတ်ပုံနှင့် မြန်မာနိုင်ငံ၏ ရေရှည်မျှော်မှန်းချက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်နှင့် BRI ဆက်စပ်နေမှုများကို သူတို့မေ့နေပုံရသည်။ ရေရှည်မဟာဗျူဟာအကျိုးစီးပွား၊ တရုတ်နိုင်ငံတောင်ပိုင်း ပြည်နယ်များအပါအဝင် ဒေသတွင်းလုံခြုံရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို သာမန်စီးပွားရေးအမြင်ထက် ကျော်လွန်ကြည့်နိုင်ရန်လိုပါသည်။

စာမျက်နှာ ၇ သို့ ✪

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရာဇသင်္ဂဟလမ်းမကြီးနှင့် သပြေကုန်းအဝိုင်းသို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများနှင့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ နိုင်လွန်ကတ္တရာလမ်း (AC) ခင်းကျင်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရာသီဥတုကောင်းမွန်ချိန်တွင် စက်ယန္တရား၊ လူအင်အားတိုးမြှင့်ပြီး အင်တိုက်အားတိုက်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ကြို့ပင်ဆိပ်ကျေးရွာသို့သွားရောက်ပြီး ဆင်သေချောင်းဘေး သီးနှံများစိုက်ပျိုးနေသည့် တောင်သူများနှင့်တွေ့ဆုံ၍ မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံများစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲစေရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် အောင်နိုင်တိုးစပါးမျိုးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက နေကြာ၊ ပဲတီစိမ်းမျိုးစေ့များ၊ သွင်းအားစုများနှင့် မျိုးစေ့ချကိရိယာများကို လည်းကောင်း တောင်သူများအား ပေးအပ်ကြပြီး ဆင်သေချောင်းဘေး သီးနှံများ စိုက်ပျိုး ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးသို့သွားရောက်ပြီး ပင်လောင်းလမ်းဆုံနှင့် အိုင်စောက်ကျေးရွာအကြား လမ်းဘေးရေမြောင်းများနှင့် မပိုက်ကယ်ရိုး ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များရှင်းလင်းဆောင်ရွက်ထားရှိရေး၊ ရေမြောင်းတူးဖော်နေမှုကို သတ်မှတ်အတိုင်းအတာအတိုင်း စနစ်တကျတူးဖော်ရေး၊ Box Culvert များ စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



## ဒက္ခိဏသီရိမြို့နယ်အတွင်း နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် တောင်သူ ဦးဇော်လင်း၏ အောင်နိုင်တိုးနွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဦးဇော်လင်း၏ လယ်ခုနစ်ဧကအတွင်း အောင်နိုင်တိုးနွေစပါးကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် နေပြည်တော်ကောင်စီဝင်က တောင်သူများနှင့် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နေပြည်တော်အတွင်း စားရေရိက္ခာဖူလုံမှုရှိစေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြေပြင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်၊ မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများကို ကိုယ်တိုင်ပြုလုပ် သုံးစွဲစေလိုကြောင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများအား အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တောင်သူ ဦးဇော်လင်း၏ အောင်နိုင်တိုးနွေစပါး ချိန်တွယ်ခြင်းကို ကြည့်ရှုအားပေးရာ တစ်ဧကလျှင် အစိုအထွက်နှုန်း ၂၀၅ တင်း၊ အခြောက်အထွက်နှုန်း ၁၈၂ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ရေလှောင်တမံရေဝင်ရောက်မှုနှင့် ရေပေးဝေရေးတူးမြောင်းများ သဲနုန်းတူးဖော်ခြင်းစစ်ဆေး

ညောင်ဦး ဇူလိုင် ၂၇

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းမကြီးဘေးရှိ ကြက်မောက်တောင်ဆည် ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေနှင့် ရေပေးဝေသည့် မြောင်းမကြီးများ လုပ်ကိုင်ဆောင်ရွက်နေမှုကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ကြက်မောက်တောင် ရေလှောင်တမံ ရေဝင်ရောက်မှု၊ ရေပေးမြောင်းအတွင်း သဲနုန်းတူးဖော်ဆောင်ရွက်နေမှုတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(၂)က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် ကြက်မောက်တောင် ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေ၊ နှစ်အလိုက် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများအား ဆည်ရေပေးဝေ၍ စိုက်ပျိုးနိုင်မှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တူးမြောင်းများ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆည်ရေပေးဝေရေး စနစ်တကျ ကောင်းမွန်စေရေး၊ ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းကိုက်ညီစေရေး၊ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။ ထို့နောက် ကြက်မောက်တောင် ရေလှောင်တမံ ရေထုတ်ပြွန်တွင် ဆည်ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုအခြေအနေ၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကြက်မောက်တောင်ဆည် ရေသောက်စနစ် လက်ယာမြောင်းမကြီး ပေတိုင် ၁၁၅၀၀ မှ ၄၀၀၀၀ အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် မြောင်းပုံစံကျပြုပြင်ခြင်းလုပ်ငန်းအား Global con ; Consulting Co.,Ltd. မှ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး၊ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်းကိုက်ညီစွာ ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာဌာနနှင့်ကုမ္ပဏီတို့က ကြီးကြပ်ဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

❂ စာမျက်နှာ ၆ မှ

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဟူသည် အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်ဖြစ်၍ ရလာမည့် အကျိုးနှင့်အပြစ်ကို ပညာဉာဏ်အမြော်အမြင်ရှိစွာဖြင့် ချိန်ဆနေရမည်သာဖြစ်သည်။ အကျိုးအမြတ်၊ စိန်ခေါ်မှု၊ မူဝါဒပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိလာနိုင်မည့် တရုတ်နိုင်ငံနှင့် စီးပွားရေးအရ နက်နက်ရှိုင်းရှိုင်းချိတ်ဆက်မှုအပေါ် သံသယများ ဝေဖန်ဆန်းစစ်မှုများကား ရှိနေမည်သာ ဖြစ်သည်။ ထို့ကြောင့် ယခု CMEC မှ ဖော်ပြပါ ဆန့်ကျင်ဘက်အမြင်များကို ဘယ်လိုချေဖျက်ပြီး အကျိုးကျေးဇူးနှင့် အကောင်းဘက်သက်ရောက်မှုများကို ဘယ်လို သယ်ဆောင်လာမည်လဲ အမှန်တကယ်ရလဒ်များဖြင့်သာ သက်သေပြကြရတော့မည် ဖြစ်ပါသည်။

### ထိတွေ့ဆက်ဆံမှုများရှိပြီးဖြစ်

နိုင်ငံ ၁၅၀ ကျော်တွင် ရင်းနှီးမြှုပ်နှံမည့် ၂၀၁၃ ခုနှစ်မှစတင်ခဲ့သည့် Belt and Road Initiatives (BRI) နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံကိန်းကြီးတွင် မြန်မာနိုင်ငံပါဝင်မှုသည် ၂၀၁၄ ခုနှစ်ကတည်းကပင် စတင်ခဲ့သည်ဟု ဆိုရပါမည်။ တရုတ်နိုင်ငံမှ ဥရောပအထိ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် ရုရှားနိုင်ငံတို့ကိုဖြတ်သန်း၍ ကမ္ဘာ့လူဦးရေ သုံးပုံနှစ်ပုံလွှမ်းခြုံနေသည့် BRI Concept ကို မြန်မာနိုင်ငံခေါင်းဆောင်များက ကောင်းစွာနားလည်သဘောပေါက်ပါသည်။ ထို့ကြောင့်လည်း စီမံကိန်းကြီး ခိုင်မာအားကောင်းရေးတွင် မိတ်ဖက်ကောင်းတစ်ဦးအဖြစ် ပါဝင်ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်တွေ့ဆုံမှုများ လည်ပတ်မှုများမှ ၂၀၁၇ ခုနှစ်တွင် BRI ဆိုင်ရာ MoU ၊၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များတွင် CMEC ဆိုင်ရာ MoU သဘောတူညီချက်များရရှိခဲ့ကြသည်အထိ တိုးတက်မှုများရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်းမှာ မြန်မာပြည်သူတို့ပါဝင်ခွင့်အခွင့်အလမ်း များ စတင်ဖြစ်ထွန်းခဲ့ပြီဟု ဆိုရပါမည်။ **(ဆက်လက်ဖော်ပြပါမည်)**

## မြစ်ကမ်းအနီးနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးညှင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်၊ တောင်ငူမြို့နယ်၊ မြဝတီမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၁၉၃၆၆ ဦးရှိ

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာ စာစစ်ဌာနများ၌ တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အတွင်း ၃၇၄၆၇ ဦး ဖြေဆိုရာ ၁၉၃၆၆ ဦး အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၅၁ ဒသမ ၆၉ ရာခိုင်နှုန်းရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၉၁ ခု၌ တက္ကသိုလ်ဝင် အောင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြသည်။



ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ကြည့်ရှုနေကြစဉ်။

"ဒီနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ၅၁ ဒသမ ၆၉ ရာခိုင်နှုန်း ရရှိထားတာကြောင့် တစ်နိုင်ငံလုံးအနေနဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ မွန်ပြည်နယ်က ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းနဲ့ တစ်နိုင်ငံလုံးမှာ အောင်ချက်ပထမဖြစ်ပါတယ်။ အခုလိုအောင်မြင်မှုရရှိအောင် အဘက်ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က ပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားကျောင်းသူ ၃၇၄၆၇ ဦး ဖြေဆိုခဲ့ပြီး ယခင်နှစ်က အောင်မြင်သူမရှိခဲ့သော ကိုကိုးကျွန်းစာစစ်ဌာန၌ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၂ ဦး အောင်မြင်မှုရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရလဒ်ကောင်းများ ဆက်လက်ပိုင်ဆိုင်ရရှိနိုင်စေရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်ကူညီမှုနှင့် အတူ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ကျောင်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောင်းနေနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ကောင်းမွန်ရေး စသည့်စံနှုန်းများ ဆက်လက် အောင်မြင်မှုရရှိစေရန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု ပညာရေးမှူးက ပြောသည်။

"ဗိုလ်တထောင် မြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ ၄၆၂ ဦး ဖြေဆိုရာမှာ ၂၈၅ ဦး အောင်မြင်ပြီး ဂုဏ်ထူးရှင် ၆၀ ထွက်ပေါ်ခဲ့ပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး ထွက်ပေါ်ခဲ့ပြီး ၆၁ ဒသမ ၆၉ ရာခိုင်နှုန်းအောင်မြင်ခဲ့တာကြောင့် အားလုံးနဲ့ထပ်တူဝမ်းသာဂုဏ်ယူပါတယ်" ဟု ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းအောင်က ပြောသည်။



ပညာရေးမှူး
ဒေါက်တာ ချိုချိုမြတ်အောင်



ကျောင်းအုပ်ဆရာမကြီး
ဒေါ်သင်းသင်းအောင်

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းမတော် မြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၄၇၀ ဖြေဆိုရာ ၃၆၅ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၆၆ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက်အများဆုံး မြို့နယ်အဖြစ် လည်းကောင်း၊ ကမာရွတ်မြို့နယ်တွင် ၈၂၀ ဖြေဆိုရာ ၆၃၃ ဦး အောင်မြင်ပြီးအောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၂၀ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက်ဒုတိယအများဆုံးမြို့နယ်အဖြစ် လည်းကောင်း၊ ဒဂုံမြို့နယ်တွင် ၄၂၃ ဦး ဖြေဆိုရာ ၃၀၈ ဦးအောင်မြင်ပြီး အောင်မြင်ရာခိုင်နှုန်း ၇၂ ဒသမ ၈၁ ရာခိုင်နှုန်းရရှိခဲ့ရာ အောင်ချက်တတိယအများဆုံးမြို့နယ်အဖြစ် လည်းကောင်း ရပ်တည်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုကဲ့သို့ အောင်ချက်မြင့်မားလာရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် Grade – 12 ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် မွမ်းမံသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**



## မြဝတီမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၆၆ ဦးရှိ

**မြဝတီ ဇူလိုင် ၂၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ယနေ့နံနက် ၆ နာရီက အထက(၁)မြဝတီ စာစစ်ဌာနတွင် ထုတ်ပြန်ကြေညာရာ အောင်မြင်သူ ၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၁၉ ဒသမ ၆၄ ဖြစ်သည်။

မြဝတီမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာစစ်ဌာနတစ်ခု ဖွင့်လှစ်ခဲ့ရာ ကျောင်းတွင်းနှင့် ကျောင်းပြင်ပ၌ ဖြေဆိုသည့်ဦးရေ၊ စာရင်းရှိ ၃၈၇ ဦးရှိသည့်အနက် ဖြေဆိုသူဦးရေ ၃၃၆ ဦးရှိပြီး အောင်မြင်သည့် ကျောင်းသား ကျောင်းသူ ၆၆ ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်တွင် အောင်ချက် ၉ ဒသမ ၁၈ ရာခိုင်နှုန်း ရှိခဲ့ပြီး ယခုနှစ်ထုတ်ပြန်သည့် အောင်ချက်ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုရှိကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ကယားပြည်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၆၈ ဦးရှိ

**လွိုင်ကော် ဇူလိုင် ၂၇**

ကယားပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အထက(၁) လွိုင်ကော် စာစစ်ဌာန၌ ကျင်းပရာ ဝင်ရောက်ဖြေဆိုသူ ၁၃၂ ဦး၊ အောင်မြင်သူ ၆၈ ဦး အောင်ချက် ၅၁ ဒသမ ၅၂ ရာခိုင်နှုန်းဖြစ်သည်။ အောင်မြင် ဖြေဆိုသူများတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦး ထူးချွန်စွာ အောင်မြင်ခဲ့သည်။



ထိုသို့ ထုတ်ပြန်ကြေညာသည့် နေရာများတွင် ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦး၊ ပြည်နယ်/မြို့နယ်/ခရိုင် ပညာရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

**ပညာသင်ကြားလျက်ရှိ**

ကယားပြည်နယ် အနေဖြင့် ယမန်နှစ် စာသင်နှစ်တွင်ပြည်နယ်တစ်ခုလုံး၌ အထက်တန်း၊ အလယ်တန်း၊ မူလတန်း စုစုပေါင်း ၃၆ ကျောင်း၊ ကျောင်းသား စုစုပေါင်း ၇၂၆၀ ရှိခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၅၉ ကျောင်း၊ ကျောင်းသား စုစုပေါင်း ၁၃၁၄၈ ဦးအထိတိုးမြှင့် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ငွေဆောင်မြို့၌ အခွန်ဆိုင်ရာ အသိပေးရှင်းလင်းဆွေးနွေး

**ပုသိမ် ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များသို့ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ ယမုံနာဦး ဟိုတယ်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှင်းလင်းဆွေးနွေးပွဲတွင် ပုသိမ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ကိုဦးက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်းသိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြေစာအပေါ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်များဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

## မန္တလေးတိုင်းဒေသကြီး၌ ဖြေဆိုအောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိ

မန္တလေး ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း အပြီးထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၃၃၇၉၁ ဦးရှိသည့်အနက် အောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီနှစ်အောင်ချက်က မနှစ်ကထက် ကောင်းမွန်ပါတယ်။ မန္တလေးမြို့မှာ သဘာဝဘေးအန္တရာယ်နဲ့ကြုံတွေ့ပြီး ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတော့ ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာနဲ့ လေးဘာသာဂုဏ်ထူးတွေလည်း ထွက်ရှိပါတယ်။ ဒီနှစ်ကတော့ ကျန်တဲ့နှစ်တွေထက်ကို နှစ်ဆလောက် ပိုပြီးဂုဏ်ယူရတဲ့ နှစ်တစ်နှစ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ Grade –12 ကျောင်းသား ၁၁၂ ယောက်ရှိပါတယ်။ ဒီ ၁၁၂ ယောက်မှာ ၅၇ ရာခိုင်နှုန်းအောင်ပါတယ်။ စာမေးပွဲကို ပျက်ကွက်မရှိ ပြန်လည်ဖြေဆိုကြပြီး ဒီလိုရာခိုင်နှုန်း ရရှိတဲ့အတွက် အင်မတန်ကျေနပ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စသည်ဖြင့် ဘယ်ကျောင်းကပဲ အောင်မြင်ပါစေ အရေးကြီးတာက နိုင်ငံတော်ကို အကျိုးပြုမယ့် ကျောင်းသား ကျောင်းသူတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီနေ့ကတော့ အားလုံးအတွက် မင်္ဂလာရှိတဲ့နေ့လေး တစ်နေ့ဖြစ်တယ်လို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးချမ်းပြည့်က "သမီးအနေနဲ့ ဒီလိုဂုဏ်ထူးတွေရရှိအောင် ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတဲ့ ဘာသာရပ်အလိုက် သင်ခန်းစာတွေကို သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒီလိုကြိုးစားခဲ့တဲ့အပေါ်မှာ အခုလိုအကျိုးရလဒ်ရတဲ့အတွက် ကျေနပ်မိပါတယ်။ သမီးအနေနဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့ ရည်မှန်းချက်ရှိပါတယ်။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ပြည်သူတွေကို ဆေးကုသပေးမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကျောင်းသင်ခန်းစာတွေကို အားထုတ်ကြိုးစားလေ့လာမယ်ဆိုရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ရည်မှန်းချက်ကို ရောက်ရှိမှာဖြစ်ပါတယ်" ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၀၊ လေးဘာသာဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉၉၃ ဦး ထွက်ပေါ်ခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆဋ္ဌမအဆင့်ရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်ဟိန်းမင်းကိုက "ကျွန်တော်အနေနဲ့ ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပြီးပြတ်အောင် ကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားတဲ့အချိန်မှာလည်း သေချာဂရုစိုက်နားထောင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ဒုတိယအကြိမ်ပြန်လည်ဖြေဆိုတဲ့အခါမှာလည်း အကောင်းဆုံးကြိုးစားဖြေဆိုခဲ့ပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ငယ်ငယ်ကတည်းက သင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်အနေနဲ့ ငယ်စဉ်ကတည်းက ခွဲစိတ်ဆရာဝန်တစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်"ဟု ပြောသည်။


ဒေါက်တာသန်းထိုက်စိုး


မအေးချမ်းပြည့်


မောင်ဟိန်းမင်းကို


မနန်းရတီထွန်း


မနှင်းအိန္ဒြာ


မကြည်နူးမေ

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနန်းရတီထွန်းက "ကျောင်းစဖွင့်ကတည်းက CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ ဆရာမတွေရဲ့ သင်ပြလမ်းညွှန်မှုအောက်မှာ သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒါကြောင့် အခုလိုအောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေဆိုတုန်းက အခက်အခဲတချို့ရှိခဲ့ပါတယ်။ ပြီးတော့ သဘာဝဘေးကြောင့် ဒုတိယတစ်ကြိမ် ထပ်ဖြေရမယ်ဆိုတော့ စိတ်ဓာတ်ကျချင်ပေမယ့် ကြိုးစားမှ ဖြစ်မယ်ဆိုတဲ့ စိတ်နဲ့ ထပ်ပြီးကြိုးစားဖြေဆိုခဲ့တာဖြစ်ပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးရရှိတဲ့အတွက် သမီးငယ်ငယ်ကတည်းက ရည်မှန်းခဲ့တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ သမီးအခုလိုအောင်မြင်မှုရအောင် သမီးရဲ့နောက်ကွယ်ကနေ ပံ့ပိုးပေးတဲ့ မိဘတွေနဲ့ သင်ကြားပြသပေးတဲ့ ဆရာကြီး ဆရာမကြီးတွေကို ကျေးဇူးအများကြီးတင်ရှိပါတယ်" ဟု ပြောသည်။


မန္တလေးမြို့ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုကြသူများအား တွေ့ရစဉ်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ ကြည့်ရှုနိုင်သည့်အပြင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ (ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနှင်းအိန္ဒြာကလည်း "သမီး ဒီလိုခြောက်ဘာသာဂုဏ်ထူးထွက်အောင် တစ်နေ့စာတစ်နေ့ကြိုးစားသင်ယူကျက်မှတ်ခဲ့ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေစဉ်က အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်။ ဒုတိယအကြိမ်ဖြေဆိုရမယ်လို့ သိရတဲ့အခါ စိတ်ဓာတ်မကျဘဲ မလျှော့သော ဇွဲလုံ့လနဲ့ ပြန်လည်ကြိုးစားဖြေဆိုခဲ့ပါတယ်။ သမီးအနေနဲ့ ဒီလိုခြောက်ဘာသာဂုဏ်ထူးရရှိမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီလိုအောင်မြင်မှုရရှိအောင် ထောက်ပံ့ပေးတဲ့ အဖေနဲ့ အမေကို ကျေးဇူးတင်ပါတယ်။ သေချာသင်ကြားပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ တက္ကသိုလ်ကတော့ ရွေးချယ်နေတုန်းပဲရှိပါတယ် " ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မကြည်နူးမေက "စာမေးပွဲအောင်စာရင်း မထွက်ခင်အချိန်အထိ တအားကို စိတ်လှုပ်ရှားနေပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် တစ်နေ့စာတစ်နေ့ပုံမှန်လုပ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတာတွေကိုလည်း သင်ကြားနားထောင်ပြီး လေ့လာကျက်မှတ်ပါတယ်။ ဆရာမတွေ လမ်းညွှန်ပေးထားတဲ့အတိုင်းပဲ လုပ်ခဲ့တာပါ။ မနက်အစောထပြီး စာကျက်ခဲ့ရပါတယ်။ ကိုယ်လုပ်ချင်တဲ့အရာတွေကို လျှော့ပြီး စာဘက်ကိုပဲ အာရုံစိုက်လုပ်ခဲ့ရပါတယ်။ သမီးကို ပံ့ပိုးပေးတဲ့ ဆရာ ဆရာမတွေ၊ မိဘတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘယ်လိုအခက်အခဲပဲရှိရှိ အရှုံးမပေးဘဲ ကြိုးစားရင် အောင်မြင်မှုရရှိမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ခြောက်ဦးဝင်ရောက်ဖြေဆိုခဲ့ကြရာ သုံးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး ထွက်ပေါ်ခဲ့ပြီး ရာနှုန်းပြည့်အောင်မြင်ခဲ့သည်။

**မောင်အေးချမ်း**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၂၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်မြို့/ကျေးရွာများကို စွန့်ခွာ၍ ယာယီစခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ထောင်စုများအား အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေးအပြင် စားသောက်မှုအဆင်ပြေစေရေး စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့ မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမ၌ အိမ်ထောင်စုများနှင့် တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။

ထို့နောက် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌတို့က ဗန်းမော်ခရိုင်အတွင်းမှ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဆွေမျိုးများနေအိမ်တွင် နေထိုင်လျက်ရှိသော အိမ်ထောင်စု ၄၁၃ စုနှင့် ရမ်ပူရပ်ကွက် အီဒါကွင်းအတွင်း နေထိုင်သော ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအနက်မှ ထပ်တိုးအိမ်ထောင်စု ၁၃၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၅၁၈၄၉၃၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါ ၅၄၉ အိတ်နှင့် စားဆီ ၅၄၉ ပိဿာနှင့် ကြက်ဥဖာများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအား လိုအပ်ချက်များ မေးမြန်းဆွေးနွေးကြရာ အိမ်ထောင်စုများက သက်ဆိုင်ရာ ယာယီစခန်းများနှင့် ဆွေမျိုးများနေအိမ်တို့၌ နေထိုင်စားသောက်ရာတွင် လိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်




ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသူတစ်ဦး၏ ဆိုင်ကယ်လိုအပ်ချက်အပေါ် ပြည်နယ်လူမှုရေးရာဝန်ကြီးက ငွေကျပ်၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် အိမ်ထောင်စုများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မုန့်နှင့် ရေသန့်ဘူးများကို လိုက်လံဝေငှကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)တို့၌ ကျောင်းအပ်စတင်လက်ခံ

# နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





**နေပြည်တော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိအခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား မိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိရာ ယနေ့တွင် နောင်ချိုမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်းခွဲ(လောက်ဖန်း) တို့၌ ကျောင်းအပ် စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးသည်။

**တစ်ပါတည်းပေးအပ်**

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် စတင် ကျောင်းအပ်လက်ခံခဲ့ရာ ယနေ့ အဆိုပါကျောင်းများ၌ လာရောက် ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူ ၁၀၅ ဦး ရှိပြီး ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများထံသို့ တစ်ပါတည်းပေးအပ်ကြသည်။

ထို့ပြင်ကျောင်းသားကျောင်းသူများ အေးချမ်းစွာနှင့် သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ယင်းအပြင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသား ပြည်သူ ၇၂ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)၌ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ကျောင်း ပြန်လည်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်း(လောက်ဖန်း)၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီး မြင့်ဟိန်းက အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်အစုံ ၁၅၀၊ ခဲတံဒါဇင် ၅၀၊ ဘောပင်အချောင်း ၃၀၀ နှင့် ကျောင်းဝတ်စုံ ၁၅၀ တို့ကို ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

**အလေးထားဆောင်ရွက်**

ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့်




နောင်ချိုမြို့မှ ကျောင်းသား ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့်ဒေသများရှိကျောင်းသား ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြည်သူလူထုတို့ ပူးပေါင်း၍ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY- PDF အမည်ခံအဖွဲ့ဝင် ၁၃ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်





**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် MDY-PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ၁၃ ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် MDY-PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် MDY-PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် မန္တလေးမြို့ရှိ နယ်မြေခံတပ် ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသည့် MDY-PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ထို့နောက် ၎င်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY-PDF အဖွဲ့ဝင် ၅၂ ဦး စုစုပေါင်း ၉၇ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုလိုပဲ ကြားသိရပါသည် -

MDY-PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက အလုပ်သွားလုပ်မယ်ဆိုပြီး လိမ်ခေါ်သွားပါတယ်။ လိမ်ခေါ်သွားတဲ့အခါမှာ မိုင်းလုံကို ရောက်ပါတယ်။ မိုင်းလုံရောက်တဲ့အခါမှာ အကြမ်းဖက်သင်တန်း တက်ရမယ်။ မတက်ချင်ဘူး အိမ်ပဲပြန်ချင်တယ် ပြောတော့ မင်းမတက်ရင် သတ်ပစ်မယ်။ မင်းမိဘတွေကိုလည်း သတ်ပစ်မယ်လို့ခြိမ်းခြောက်တယ်။ အဲဒါကြောင့် သင်တန်းတက်ခဲ့ရတယ်။ သင်တန်းကာလမှာ ခက်ခဲတာတွေလည်းရှိတယ်။ ပင်ပန်းတာတွေလည်းရှိတယ်။ ခွဲခြားပြီး ဆက်ဆံခံရတာတွေလည်း ရှိတယ်။ အစားအသောက်ဆိုရင်လည်း ကောင်းကောင်းမွန်မွန် မကျွေးဘူး။ အငတ်ထားတာတွေလည်းရှိတယ်။ ဒီလိုနဲ့ အကြမ်းဖက်သင်တန်းကို ကျော်ဖြတ်ပြီး သင်တန်းဆင်းခဲ့တယ်။ သင်တန်းဆင်းဆင်းချင်း ရှေ့တန်းကို တန်းပို့တယ်။ ရှေ့တန်း တန်းပို့တဲ့အခါမှာ ငါးလုံးပြွန်ဘက်မှာ တာဝန်ကျတယ်။ တာဝန်ကျတဲ့အချိန်မှာ တပ်မတော်ဘက်က အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါ ကျွန်တော်တို့ လူအင်အား/ လက်နက်အင်အား မမျှလို့ အကြမ်းဖက်အဖွဲ့ထဲက အကြီးအကဲတွေကို နောက်ဆုတ်ချင်တယ်လို့လှမ်းပြီး ပြောတယ်။။ မင်းတို့ ဆုတ်လို့မရဘူး။ ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်တော့ ကျွန်တော်တို့လည်း အဲဒီအတိုင်းပဲ နေခဲ့ရတယ်။ တဖြည်းဖြည်းနဲ့ အဲဒီအဖွဲ့အစည်းကို စိတ်ပျက်လာပြီး ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး တိုင်ပင်ကြတယ်။ တပ်မတော်ထဲအလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ သူတို့က လည်းပြောတယ်။ တပ်မတော်ဘက်သားတွေ သူတို့နဲ့လာပြီး ပူးပေါင်းပါ။ လာပူးပေါင်းရင် ဆုကြေးငွေလည်း ချီးမြှင့်မယ်။ ကောင်းကောင်းမွန်မွန်လည်း ကြိုဆိုမယ်။ တကယ့်တကယ် ပူးပေါင်းလာတဲ့အခါမှာ နွေးနွေးထွေးထွေး ကြိုဆိုတာလည်းမရှိဘူး။ ကောင်းကောင်းမွန်မွန်ဆက်ဆံတာလည်း မရှိဘူး။ ဆုကြေးငွေချီးမြှင့်တာလည်း မရှိဘူး။ သေနတ်တွေယူပြီး သတ်ပစ်လိုက်တာပဲ တွေ့ခဲ့ရတယ်။ PDF အကြမ်းဖက် အဖွဲ့အစည်းမှ ခေါင်းဆောင်တွေက ကျွန်တော်တို့ကိုလည်း ပြောတယ်။ မင်းတို့လည်း ဒီလိုပဲ တပ်မတော်ဘက်ကို အလင်းဝင်မယ်ဆိုရင် နှိပ်စက်ညှဉ်းပန်းပြီးတော့ အသတ်ခံရမှာလို့ ပြောတဲ့အတွက်ကြောင့် ကျွန်တော်တို့လည်း အလင်းဝင်ဖို့ တွန့်ဆုတ်သွားခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ရှေ့က အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေကို ချိတ်ဆက် စုံစမ်းကြည့်တော့ ရတယ်။ လာခဲ့။ အားလုံးအဆင်ပြေတယ်ပြောလို့ ကျွန်တော်တို့တွေလည်း အလင်းဝင်လာခဲ့တယ်။ တကယ်တမ်း အလင်းဝင်တဲ့အခါမှာလည်း တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာ ကြိုဆိုတယ်။ ကောင်းမွန်စွာ ဆက်ဆံတယ်။ မိဘတွေဆီကိုလည်း ကောင်းမွန်စွာပြန်လည်အပ်နှံပေးတယ်။ ကျွန်တော်တို့ အဲဒီမှာ တွေ့ကြုံလာရတာတော့ အကြမ်းဖက်အဖွဲ့အစည်း ခေါင်းဆောင်တွေက ပြည်သူလူထုအတွက် ပြောပြီးတော့ ကျွန်တော်တို့ကို အလုပ်တွေခိုင်းတယ်။ တကယ့်တကယ် ကျွန်တော်တို့ ရှေ့တန်းမှာ တိုက်နေရတာကြတော့ ဘယ်သူ့အတွက် တိုက်လို့ တိုက်နေရမှန်းမသိဘူး။ တကယ်တမ်း မြေပြင်မှာ ဝင်ရောက်ခဲ့တဲ့ မြို့နယ်တွေ/ ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေရဲ့ တန်ဖိုးရှိပစ္စည်းတွေ၊ စားရေရိက္ခာတွေကိုလည်း အတင်းအဓမ္မ ယူခိုင်းတယ်။ လူသစ် စုဆောင်းတာတွေလည်း လုပ်ခိုင်းတယ်။ မလိုက်ချင်ဘူးငြင်းလို့ရှိရင် ဒလန်လို့ စွပ်စွဲပြီး သတ်ဖြတ်ခဲ့တာတွေကိုလည်း မြင်တွေ့ခဲ့ရတယ်။ အဲဒီလို သူတို့ရဲ့ မကောင်းတဲ့လုပ်ရပ်တွေ၊ မကောင်းတဲ့ အကျင့်စရိုက်တွေ၊ ပြည်သူတွေကို စော်ကားမော်ကား ပြုလုပ်တာတွေကြောင့် မကောင်းတာတွေပဲလုပ်တဲ့ အကြမ်းဖက်အဖွဲ့အစည်းထဲမှာ မနေချင်တော့တာကြောင့် တပ်မတော်ထံ အလင်းဝင်ခဲ့တာဖြစ်တယ်။ ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ သူများပြောစကားကို နားမယောင်ဘဲ ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာပါ။ တပ်မတော်ထံ အလင်းဝင်ပါလို့ ဖိတ်ခေါ်အပ်ပါတယ်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲတက်ရောက်

ထားဝယ် ဇူလိုင် ၂၇

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက စာပေဖတ်ရှုခြင်း၏ အကျိုးရလဒ်သည် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသဖြင့် နည်းပညာများ မည်သို့ပင်တိုးတက်သော်လည်း စာဖတ်သည့်အလေ့အထများ ပြန်လည်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် (၁၅) ကြိမ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်စာပေဆွေးနွေးကြသော ကျောင်းသား ကျောင်းသူလေးဦးအား ဂုဏ်ပြုဆုချီးမြှင့်ပြီး ကျပန်းစကားပြောပြိုင်ပွဲ(အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။ ယင်းနောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက စာစီစာကုံး(အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်က စာဖတ်စွမ်းရည်(အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက စာစီစာကုံး(အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ပုံပြင်ပြောပြိုင်ပွဲ(မူလတန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များ (ကိုယ်စား) ကျောင်းအကျိုးဆောင်တို့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒေသနှင့်ကိုက်ညီပြီး လက်တွေ့ကျသည့် မွေးမြူရေးဆိုင်ရာသုတေသန အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စုရှိ မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း (ဆီဆိုင်)၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဒေသနှင့် ကိုက်ညီပြီး လက်တွေ့ကျသည့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ရရှိထားသည့် သုတေသနရလဒ်များနှင့် လက်တွေ့အသုံးချနည်းပညာများကို ဒေသတွင်းမွေးမြူရေးတောင်သူများအား ဖြန့်ဝေအကျိုးပြုနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဘန်းယဉ်မျိုးသန့်ခြံ၏ အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ် ဧက ၂၀၀ စိုက်ခင်းကို ကြည့်ရှုအားပေးကာ ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီပြီး မျိုးများစနစ်တကျထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ခေတ်မီစိုက်စနစ်များကို နည်းပညာပေးခြင်း၊ လက်တွေ့စိုက်ပျိုးပြသသရုပ်ပြခြင်းများဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘန်းယဉ်ကန် ရေဝင်ရောက်မှု၊ ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေချိုသယံဇာတများ အလေအလွင့်မရှိစေရန်နှင့် ပြောင်းလဲသက်ရောက်လျက်ရှိသော ရာသီဥတုအခြေအနေကြောင့် သိုလှောင်ရေများ ဆုံးရှုံးမှုမရှိ ထိရောက်စွာသုံးစွဲနိုင်ရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။



**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဟိုပုံးမြို့နယ်ရှိ မွေးမြူရေးတောင်သူ ဒေါ်လှလှ၏ ဥစားကြက်မွေးမြူရေးခြံ၌ ဥစားကြက်ကောင်ရေ ၂၀၇၉၀ မွေးမြူထားမှုနှင့် ထွက်ရှိလာသည့်ကြက်ဥများ ဒေသတွင်းဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟိုပုံးမြို့နယ် အသေးစားမွေးမြူရေးဇုန်ဖော်ထုတ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဒေသခံမွေးမြူရေးတောင်သူများအား တွေ့ဆုံ၍ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါများကို စဉ်ဆက်မပြတ်စောင့်ကြည့်၍ ကြိုတင်ကာကွယ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ မွေးမြူရေးလုပ်ငန်းအထောက်အကူပြုဆေးဝါးများ ပေးအပ်သည်။

ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်၏ လယ်ယာ၊ သား/ငါး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သီးနှံတစ်ကေချင်း၏ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း ကူညီဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးနည်းပညာများကို ဝန်ထမ်းများကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပေးသကဲ့သို့ တောင်သူအချင်းချင်း နည်းပညာလက်ဆင့်ကမ်းဖြန့်ဝေနိုင်ရေး အားပေးဆောင်ရွက်ရန်၊ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ဆီထွက်သီးနှံများကို သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးလုပ်ငန်းများကို ပြည်နယ်အစိုးရ၏ ကြီးကြပ်မှု၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စနစ်တကျကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး တပ်ကုန်းမြို့နယ် မန်ကျည်းပင်နှင့် ညောင်ပင်သာကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် မန်ကျည်းပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာများသို့ သွားရောက်၍ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ အစီအစဉ်အရ ပြန်လည်ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါ လုပ်ငန်းများ စတင်အကောင်အထည်ဖော်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနက မန်ကျည်းပင်ကျေးရွာအုပ်စု ဒေသခံတောင်သူများအားဖွင့်လှစ်သင်ကြားပေးနေသည့် ရေကြီးနစ်မြုပ်မှုကြောင့် သဲ၊ နုန်း ဖုံးလွှမ်းသွားသည့်နေရာများမှ မြေနမူနာများ ခွဲခြမ်းစစ်ဆေးတွေ့ရှိချက်အရ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်စေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ ပညာပေးသင်တန်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မန်ကျည်းပင်ကျေးရွာ စာကြည့်တိုက် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မန်ကျည်းပင်ကျေးရွာအုပ်စုမှ သင်တန်းသားများဖြင့် ဖွင့်လှစ်သင်ကြားနေသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့သည် ညောင်ပင်သာကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တူးဖော်ပေးနေသည့် လေးလက်မ စက်ရေတွင်း တူးဖော်ပေးနေမှုကိုလည်းကောင်း၊ ကုန်ထုတ်လမ်းတစ်မိုင် စတင်ဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော မန်ကျည်းပင်ကျေးရွာအုပ်စု ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏မိဘများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သော လူငယ်လူရွယ်များ ဖြစ်လာစေရေးအတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များသို့လည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာတတ်များ ပေါ်ထွန်းလာစေရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့လည်းကောင်း တက်ရောက်ပညာသင်ယူနိုင်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထိုင်းနှင့် ကမ္ဘောဒီးယား အပစ်အခတ်ရပ်စဲရေး စတင်ဆွေးနွေးရန် သဘောတူညီမှုရရှိ



**ဝါရှင်တန် ဇူလိုင် ၂၇**

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံက လက်ရှိ တင်းမာနေသည့် အခြေအနေကို ဖြေလျှော့ရန်နှင့် အပစ်အခတ်ရပ်စဲရေး စတင်ဆွေးနွေးရန် သဘောတူညီခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

သမ္မတ ထရမ့်က ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် ထိုင်းယာယီဝန်ကြီးချုပ်တို့အား ဇူလိုင် ၂၆ ရက်တွင် သီးခြားဖုန်းခေါ်ဆိုခဲ့ပြီး အပစ်အခတ်ရပ်စဲရေးအတွက် တိုက်တွန်းခဲ့ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

၎င်းအနေဖြင့် နှစ်နိုင်ငံစလုံးနှင့် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပြီး အပစ်အခတ်ရပ်စဲခြင်းမရှိသည့်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ဆောင်ခြင်း ပြုမည်မဟုတ်ကြောင်း သမ္မတ ထရမ့်က ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံငြိမ်းချမ်းရေးရရှိသည့်အချိန်မှသာ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန်အတွက် မျှော်လင့်စောင့်ဆိုင်းလျက်ရှိပါကြောင်း သမ္မတ ထရမ့်က ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များကို ဆွေးနွေးရန် သဘောတူညီခဲ့ကြောင်း သမ္မတထရမ့်က ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံအပြန်အလှန်ပစ်ခတ်မှုကြောင့် ထိုင်းဘက်တွင် ၂၀ သေဆုံးကာ ၃၀ ဒဏ်ရာရရှိခဲ့သည်။ အလားတူ ကမ္ဘောဒီးယားဘက်တွင် ၁၃ ဦးသေဆုံးကာ ဒါဇင်နှင့်ချီပြီး ဒဏ်ရာရရှိခဲ့သည်။ ပြည်သူ ၁၃၀၀၀၀ ကျော် ဘေးလွတ်ရာသို့ တိမ်းရှောင်နေရကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း တစ်ခု တည်ထောင်ရန် တရုတ်အစိုးရ အဆိုပြု

**ပေကျင်း ဇူလိုင် ၂၇**

တရုတ်အစိုးရက ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သည့် အဖွဲ့အစည်းတစ်ခု တည်ထောင်ရန် အဆိုပြုခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီချန်းက ဇူလိုင် ၂၆ ရက်တွင် ရှန်ဟိုင်း၌ပြုလုပ်သည့် ဉာဏ်ရည်တုနည်းပညာ ညီလာခံ၌ အထက်ပါအဆိုပြုချက်ကို တင်ပြခဲ့ကြောင်း သိရသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံမှုကို ထိန်းသိမ်းကာ ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တု မူဘောင်နှင့် စည်းမျဉ်းများ ချမှတ်ရန် နိုင်ငံအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းရန် လိုအပ်ကြောင်းလည်း တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီချန်းက ပြောကြားခဲ့သည်။

ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း၏ ဌာနချုပ်ကို ရှန်ဟိုင်း၌ တည်ထောင်ရန် တရုတ်အစိုးရက စဉ်းစားလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ အဖွဲ့အစည်းတည်ထောင်ရန် ပြင်ဆင်ရာတွင် အခြားနိုင်ငံများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုကို တရုတ်နိုင်ငံက ကြိုဆိုလျက်ရှိသည်။

လက်ရှိတွင် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြိုင်ဆိုင်မှုသည် အဓိကအားဖြင့် အမေရိကန်နှင့် တရုတ်ကြားတွင် အရှိန်မြှင့်တက်လျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဂါဇာဒေသရှိ သတ်မှတ်နေရာအချို့တွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်မည်

**ဂျေရုဆလင် ဇူလိုင် ၂၇**

ဂါဇာဒေသရှိ သတ်မှတ်နေရာအချို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ ဝင်ရောက်နိုင်ရေးအတွက် တစ်နေ့လျှင် ၁၀ နာရီကြာ အပစ်အခတ် ရပ်စဲမည်ဖြစ်ကြောင်း အစ္စရေး တပ်မတော်က ဇူလိုင် ၂၇ရက်တွင် ပြောကြားသည်။

အယ်မာဝါဆီ၊ ဒါအယ်လ်ဗလာနှင့် ဂါဇာမြို့တို့တွင် နံနက် ၁၀ နာရီမှ ညရနာရီအထိ နေ့စဉ် အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်၏ ကြေညာချက်အရ သိရသည်။ယင်းဆောင်ရွက်ချက်သည် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ အများအပြားဝင်ရောက်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ချက်ဖြစ်ကြောင်း အစ္စရေးတပ်မတော်ကပြောကြားသည်။ အစ္စရေးတပ်မတော်သည် ဇူလိုင် ၂၆ ရက်ကလည်း ဂါဇာဒေသတွင် စားရေရိက္ခာများကို လေကြောင်းမှ ချပေးခဲ့ကြောင်း သိရသည်။ သို့ရာတွင် အစ္စရေး၏ စားရေရိက္ခာဖြန့်ဖြူးမှုသည် ဒေသခံများအတွက် လုံလောက်မှုမရှိကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြု ပြောကြားသည်။

အစ္စရေးကဂါဇာဒေသအား တိုက်ခိုက်ခြင်းများဆောင်ရွက်နေသောကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်းများ နှောင့်နှေးနေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**



# အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဘုရားကျောင်းတစ်ခုတွင် လူအုပ်ပြိုကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၂၉ ဦးဒဏ်ရာရ

**နယူးဒေလီ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာရာခန်ပြည်နယ်ရှိဟိန္ဒူဘုရားကျောင်းတစ်ခုတွင် ယနေ့ လူအုပ်ပြိုကျခဲ့ရာ အနည်းဆုံး ခြောက်ဦး သေဆုံးပြီး ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဥတ္တာရာခန်ပြည်နယ်ရှိ မြို့တော် ဒီဟရာဒန် တောင်ဘက် ၅၃ ကီလိုမီတာအကွာ ဟာရီဒွါခရိုင်ရှိ မန်သာဒေဝီဘုရားကျောင်းတွင် လူအုပ်ပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘုရားကျောင်းလမ်းအဆင်း တစ်နေရာ၌ ဘုရားဝတ်ပြုသူတစ်ဦး ဓာတ်လိုက်ခံရသည်ဟု ကောလာဟလထွက်ပေါ်လာသည့် သတင်းကြောင့် ဘုရားဝတ်ပြုသူများက ထိတ်လန့်တကြားထွက်ပြေးရာ လူအုပ်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရဲတပ်ဖွဲ့နှင့် ပြည်နယ်သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့တို့ အလျင်အမြန် ရောက်ရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဒဏ်ရာရသူများကို လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

သေဆုံးသူဦးရေ တိုးလာမည်ကို စိုးရိမ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်တွင် လျှပ်စစ်ကားများ အားသွင်းနိုင်သည့် ကော်ဖီဆိုင်များ ဖွင့်လှစ်

**ဟနွိုင်း ဇူလိုင် ၂၇**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးတွင် လျှပ်စစ်ကားများအတွက် အားသွင်းနိုင်ပြီး ယာဉ်မောင်းသူများအတွက် အနားယူနိုင်သည့် ကော်ဖီဆိုင်များကို ယမန်နှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ လျှပ်စစ်ကားမောင်းနှင်သူများအတွက် ဝန်ဆောင်မှုများ အောင်အောင်မြင်မြင် ပေးအပ်နေကြောင်း သိရသည်။

ဟိုချီမင်းစီးတီးတွင် လျှပ်စစ်ကားသုံးစွဲမှုများပြားလာသဖြင့် အားသွင်းနေရာများပါဝင်သည့် ကော်ဖီဆိုင်များကို ယမန်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ကြောင်းနှင့် ၎င်းကော်ဖီဆိုင်များကို ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းကော်ဖီဆိုင်များတည်ထောင်သူ ထရန်အန်သန်းက ပြောကြားသည်။

ယင်း ကော်ဖီဆိုင်များတွင် လျှပ်စစ်ကားများ အားသွင်းရာတွင် သင့်တော်သည့်နှုန်းထားဖြင့် အားသွင်းနိုင်ပြီး အစားအစာများကို ဝယ်ယူစားသောက်နိုင်ကာ ခေတ္တနားနေရန် နေရာများကို ထည့်သွင်းထားကြောင်း သိရသည်။

မိမိ၏ကော်ဖီဆိုင်များတွင် လျှပ်စစ်ကားများအားသွင်းနိုင်ရန်အတွက် အဆင့်မြင့် နည်းပညာသုံးစက်ကိရိယာများကို တပ်ဆင်ထားပြီး တစ်နေ့လျှင် ဖောက်သည် ၁၀၀ ခန့်ရှိကာ လျှပ်စစ်ကားမောင်းနှင်သူများအတွက် နေ့ခင်းဘက်တွင် အိပ်စက်နိုင်ရန် နေရာများလည်းရှိကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးသည် ရှေ့လာမည့် သုံးနှစ်အတွင်း မြို့ရှိဆိုင်ကယ်များကို လျှပ်စစ်ဆိုင်ကယ်များအဖြစ်ပြောင်းလဲရန် ဆောင်ရွက်နေရာ ယခုကဲ့သို့ လျှပ်စစ်ကားများအတွက် အားဖြည့်နိုင်သည့် ကော်ဖီဆိုင်များ တည်ထောင်ခြင်းဖြင့် ၎င်းလုပ်ငန်း အောင်မြင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှပံ့ပိုးနေကြောင်း ဟိုချီမင်းစီးတီးဒေသခံများကပြောကြားသည်။

**ကိုးကား–ဗီအင်န်အိတ်ပရက်စ်**
**ဘာသာပြန်–စိုးသူရ**

# KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား ဆင်ခြင်တုံတရားမဲ့စွာဖြင့် ယုတ်မာရက်စက်လူမဆန်စွာ လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ပစ်ခတ်ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည်ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၂၇**

ပဲခူးတိုင်း ဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီးမြို့၏အနောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ပစ်ခတ် ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည် ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများ အပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုအား သိလျှင်သိချင်း တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အဆိုပါကျေးရွာသို့သွားရောက်၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီခန့်တွင် ကျေးရွာ၏အနောက်မြောက်ဘက်နှင့် အရှေ့ဘက်တို့မှ ဝင်ရောက်လာပြီး ကျေးရွာအတွင်းမှ လူမမည် ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများ အပါအဝင် အပြစ်မဲ့ရွာသူ ရွာသားများအား လက်နက်ငယ်များဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ဓားများဖြင့် ခုတ်ဖြတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ သတ်ဖြတ်ခဲ့မှုကြောင့် အသက်(၁၀)လသားအရွယ်ကလေးငယ်တစ်ဦး၊ အသက်(၃)နှစ်အရွယ် ကလေးငယ်နှစ်ဦး၊ အသက်(၄)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက် (၆)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက်(၇)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက် (၁၀)နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသားရှစ်ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၃ ဦး သေဆုံးခဲ့ပြီး အသက်(၃)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက် (၁၀) နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသားသုံးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးခဲ့သူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရွာသူ ရွာသားများက ထုံးတမ်းအစဉ်အလာများနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအား နယ်မြေခံတပ်ဆေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆေးရုံတက် လူနာများအား အားပေးစကား ပြောကြားပြီး စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော အပြစ်မဲ့ရွာသူ ရွာသားများကို ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အကြမ်းဖက် သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့ လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးဖော်ထုတ် အရေးယူနိုင်ရေး လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများအား ဒေသခံ ပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၁၅ သို့ ❖**




KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ်၊ လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား ယုတ်မာရက်စက်လူမဆန်စွာ လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။









KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မှတာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး၊ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက ယုတ်မာရက်စက် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက ယုတ်မာရက်စက် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# မြန်မာစံချိန်စံညွှန်းများပြင်ဆင်သတ်မှတ်ခြင်း

**(ယမန်နေ့မှအဆက်)**

| | |
|---|---|
| ၁၅၀။ | MMS ISO 6134:2024 ပြည့်ဝရေနွေးငွေ့နှင့်စပ်လျဉ်းသော လုပ်ငန်းများတွင် အသုံးပြုသည့် ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ – စံသတ်မှတ်ချက်များ |
| ၁၅၁။ | MMS ISO 6804:2023 အဝတ်လျှော်စက်နှင့်ပန်းကန်ဆေးစက်များတွင် အသုံးပြုသော ရော်ဘာနှင့် ပလတ်စတစ်အဝင်ပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများ – စံသတ်မှတ်ချက်များ |
| ၁၅၂။ | MMS ISO 8789:2020 မော်တော်ယာဉ်များတွင်အသုံးပြုသော သဘာဝဓာတ်ငွေ့အရည်(LPG) များအတွက် ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက်– စံသတ်မှတ်ချက်များ |
| ၁၅၃။ | MMS ISO 11424:2023 Internal–combustion engines၏ လေနှင့် လေဟာနယ်စနစ်များတွင် အသုံးပြုသည့်ရော်ဘာပိုက်နှင့် ပြွန်များအတွက်– စံသတ်မှတ်ချက်များ |
| ၁၅၄။ | MMS ISO/IEC 27001:2022+AMD1:2024 သတင်းအချက်အလက်လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာကာကွယ်မှုလုံခြုံရေး – သတင်းအချက်အလက် လုံခြုံရေးစီမံခန့်ခွဲမှုစနစ် – လိုအပ်ချက်များ – ပြင်ဆင်ဖြည့်စွက်ချက် (၁) – ရာသီဥတုပြောင်းလဲမှု |
| ၁၅၅။ | MMS ISO 7–1: 1994+COR1:2007 ဝက်အူရစ်များပေါ်တွင် Pressure–tight joint ပါသည့် ပိုက်ဝက်အူရစ်များ – အပိုင်း(၁) – အတိုင်းအတာများ၊ လက်ခံနိုင်သောကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ – ကျွမ်းကျင်မှုဆိုင်ရာပြင်ဆင်မှု(၁) |
| ၁၅၆။ | MMS ISO 68 – 1: 2023 အထွေထွေသုံးဝက်အူရစ်များ – အခြေခံဒီဇိုင်းပုံစံသဏ္ဌာန်များ – အပိုင်း (၁) – မက်ထရစ်စနစ်ဖြင့်တိုင်းတာသော ဝက်အူရစ်များ |
| ၁၅၇။ | MMS ISO 68 – 2:2023 အထွေထွေသုံးဝက်အူရစ်များ – အခြေခံဒီဇိုင်းပုံစံသဏ္ဌာန်များ – အပိုင်း (၂) – လက်မစနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ |
| ၁၅၈။ | MMS ISO 262: 2023 မက်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ၊ မူလီများ၊ နပ်များအတွက် ရွေးချယ်ထားသော အရွယ်အစားများ |
| ၁၅၉။ | MMS ISO 724:2023 မက်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ – အခြေခံ အတိုင်းအတာများ |
| ၁၆၀။ | MMS ISO 965–1:2013+AMD1:2021 အထွေထွေသုံး မက်ထရစ်စနစ်ဖြင့်တိုင်းတာသော ဝက်အူရစ်များ – လက်ခံနိုင်သောကွဲလွဲမှု – အပိုင်း (၁) – နည်းဥပဒေသများနှင့် အခြေခံအချက်အလက်များ |
| ၁၆၁။ | MMS ISO 965–2:2024 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ – လက်ခံနိုင်သော ကွဲလွဲမှုများ – အပိုင်း (၂)– အတွင်းရစ်နှင့် အပြင်ရစ်ဝက်အူများအတွက် အရွယ်အစားအတိုင်းအတာ ကန့်သတ်ချက်များ (M1.6 မှ M100 အထိ အရွယ်အစားများအတွက် 6H နှင့် 6g လက်ခံနိုင်သော ကွဲလွဲမှုအမျိုးအစားများနှင့် M1 to M1,4 အထိ 5H and 6H လက်ခံနိုင်သော ကွဲလွဲမှုအမျိုးအစားများ) |
| ၁၆၂။ | MMS ISO 965 – 3:2021 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ – လက်ခံနိုင်သောကွဲလွဲမှုများ – အပိုင်း (၃) – ဝက်အူရစ်များအတွက် သွေဖည်တိမ်းစောင်းနိုင်မှု ကန့်သတ်ချက် |
| ၁၆၃။ | MMS ISO 965 – 4:2025 မက်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ – လက်ခံနိုင်သော ကွဲလွဲမှုများ – အပိုင်း (၄) – ဇင့်အလွှာအုပ်ပြီးအခြေအနေတွင် လက်ခံနိုင်သော ကွဲလွဲမှုအနေအထား “H” သို့မဟုတ် “G” ရှိသော အတွင်းရစ်ဝက်အူများနှင့် တွဲဖက်အသုံးပြုမည့် hot–dip နည်းဖြင့် ဇင့်အလွှာအုပ်ထားသော အပြင်ရစ်ဝက်အူရစ်များအတွက် အရွယ်အစား အတိုင်းအတာ ကန့်သတ်ချက်များ |
| ၁၆၄။ | MMS ISO 965 – 5:2025 မက်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ – လက်ခံနိုင်သောကွဲလွဲမှုများ – အပိုင်း (၅) – ဇင့်အလွှာအုပ်ပြီးအခြေအနေတွင် လက်ခံနိုင်သောကွဲလွဲမှုအနေအထား h ရှိသော အရွယ်အစားကြီးမားသော အပြင်ရစ်ဝက်အူရစ်များနှင့် တွဲဖက်အသုံးပြုမည့် hot– dip နည်းဖြင့် ဇင့်အလွှာအုပ်ထားသော အတွင်းရစ်ဝက်အူများအတွက် အရွယ်အစား အတိုင်းအတာ ကန့်သတ်ချက်များ |
| ၁၆၅။ | MMS ISO 1501:2009+AMD1:2020 အသေးစားဝက်အူရစ်များ – ပြင်ဆင်ဖြည့်စွက်ချက် (၁) – အပြင်ရစ်ဝက်အူရစ်၏ လက်ခံနိုင်သော ကွဲလွဲမှုအပိုင်းအခြားအတွက်ပုံစံ |
| ၁၆၆။ | MMS ISO 6410–3:2021 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ–ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ– အပိုင်း (၃) – ရိုးရှင်းလွယ်ကူအောင် ပုံဖော်ရေးဆွဲခြင်း |
| ၁၆၇။ | MMS ISO 10426–1:2009+Cor1:2010+Cor2:2012 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ရေနံတွင်းထိန်း ဘိလပ်မြေချလုပ်ငန်းသုံး ဘိလပ်မြေများနှင့် ဆက်စပ်ပစ္စည်းများ— အပိုင်း (၁) – အရည်အသွေးသတ်မှတ်ချက် — ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁)နှင့်(၂) |
| ၁၆၈။ | MMS ISO 13623:2017+AMD1:2024 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များ – ပြင်ဆင်ဖြည့်စွက်ချက်(၁) – ကာဗွန်ဒိုင်အောက်ဆိုက် (သို့မဟုတ်) ဟိုက်ဒရိုဂျင်ပါရှိသောအရည်များ သယ်ယူပို့ဆောင်ခြင်းအတွက် ဖြည့်စွက်လိုအပ်ချက်များ |
| ၁၆၉။ | MMS ISO 13628–1:2025 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပင်လယ်ရေအောက်ထုတ်လုပ်မှုစနစ်များ၏ ဒီဇိုင်းနှင့်လုပ်ငန်းလည်ပတ်မှု — အပိုင်း (၁) – အထွေထွေလိုအပ်ချက်များနှင့် အကြံပြုထောက်ခံချက်များ |
| ၁၇၀။ | MMS ISO 13628–4:2010+Cor1:2011 ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း —ပင်လယ်ရေအောက် ထုတ်လုပ်မှုစနစ်များ၏ ဒီဇိုင်းနှင့်လုပ်ငန်းလည်ပတ်မှု—အပိုင်း (၄) — ပင်လယ်ရေအောက် ရေနံတွင်းထိပ်ခေါင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံး ဗားပဒေသာပစ္စည်းများ— ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁) |
| ၁၇၁။ | MMS ISO 13680:2024 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း—တွင်းကာပိုက်၊ ကျူပင်ပိုက်၊ ကြားဆက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းအဖြစ် အသုံးပြုရန်သံချေးစားခြင်းကို ခံနိုင်ရည်ရှိသော သတ္တုစပ်ဂဟေသားမပါ တစ်ဆက်တည်းရှိသည့် ထုတ်ကုန်ပစ္စည်းများ — နည်းပညာဆိုင်ရာ ပေးပို့နိုင်မှုအခြေအနေများ |

| | |
|---|---|
| ၁၇၂။ | MMS ISO 13702:2024 ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကမ်းလွန်ထုတ်လုပ်ရေးပစ္စည်းများ တပ်ဆင်မှုများတွင် မီးလောင်ကျွမ်းမှုနှင့်ပေါက်ကွဲမှုများ လျော့ကျစေရေးနှင့် ထိန်းချုပ်ခြင်း – လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ |
| ၁၇၃။ | MMS ISO 13703–2:2023 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်ပလက်ဖောင်းများနှင့် ကုန်းတွင်းစက်ရုံများရှိ ပိုက်လိုင်းစနစ်များ – အပိုင်း (၂) – ပစ္စည်းများ |
| ၁၇၄။ | MMS ISO 13703–3:2023 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်ပလက်ဖောင်းများနှင့်ကုန်းတွင်းစက်ရုံများရှိပိုက်လိုင်းစနစ်များ — အပိုင်း (၃) – တီထွင်ထုတ်လုပ်ခြင်း |
| ၁၇၅။ | MMS ISO 14313:2007+Cor 1:2009 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များ — ပိုက်လိုင်းသုံးဗားများ — ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁) |
| ၁၇၆။ | MMS ISO 15544:2024 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်ထုတ်လုပ်ရေးပစ္စည်းများ တပ်ဆင်မှု — အရေးပေါ်တုံ့ပြန်မှုအတွက် လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ |
| ၁၇၇။ | MMS ISO 15589–2:2024 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များ၏ သံချေးစားကာကွယ်မှုစနစ် (Cathodic protection) — အပိုင်း (၂) – ကမ်းလွန်ရေအောက်ပိုက်လိုင်းများ |
| ၁၇၈။ | MMS ISO 15590–1:2024 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များအတွက် စက်ရုံထုတ်ပိုက်ကွေးများ၊ ပိုက်ဆက်ပစ္စည်းများနှင့် ဖလန်းကွင်းများ — အပိုင်း(၁) – လျှပ်စစ်ဖြင့်အပူပေး၍ ကွေးသော ပိုက်ကွေးများ |
| ၁၇၉။ | MMS ISO 15590–3:2022 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များအတွက် စက်ရုံထုတ်ပိုက်ကွေးများ၊ ပိုက်ဆက်ပစ္စည်းများနှင့် ဖလန်းကွင်းများ — အပိုင်း (၃) – ဖလန်းကွင်းများ |
| ၁၈၀။ | MMS ISO 19901–2:2022 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်တည်ဆောက်မှုများအတွက် သီးသန့်လိုအပ်ချက်များ— အပိုင်း (၂) – ဘူမိရူပဗေဒဆိုင်ရာ ဒီဇိုင်းလုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်ချက်များ |
| ၁၈၁။ | MMS ISO 19901–8:2023 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်တည်ဆောက်မှုများအတွက် သီးသန့်လိုအပ်ချက်များ— အပိုင်း (၈) – အဏ္ဏဝါမြေဆီလွှာဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ |
| ၁၈၂။ | MMS ISO 25457:2023 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ရေနံချက်စက်ရုံမှ မီးရှို့ထုတ်လွှတ်ခြင်းအတွက် အသေးစိတ်အချက်အလက်များနှင့် ရေနံဓာတုဝန်ဆောင်မှုလုပ်ငန်း |
| ၁၈၃။ | MMS ISO 28300:2008+Cor1:2009 ရေနံ၊ ရေနံဓာတုနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပြင်ပလေထုဖိအားနှင့် ဖိအားနိမ့် သိုလှောင်ကန်များ၏ လေဝင်လေထွက် — ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁) |
| ၁၈၄။ | MMS ISO 1096:2021 အထပ်သား – အတန်းအစားခွဲခြားခြင်း |
| ၁၈၅။ | MMS ISO 12466–1:2007+AMD 1:2013 အထပ်သား–ကော်စွဲကပ်မှုအရည်အသွေး – အပိုင်း(၁) – စမ်းသပ်မှုနည်းလမ်းများ |
| ၁၈၆။ | MMS ISO 13061–3:2014+AMD 1:2017 သစ်၏ရူပနှင့် စက်မှုဆိုင်ရာဂုဏ်သတ္တိ– သေးငယ်သော အနာအဆာလွတ် သစ်သားနမူနာများအတွက် စမ်းသပ်မှုနည်းလမ်းများ–အပိုင်း(၃)–တည်ငြိမ်ကွေးညွတ်မှုအတွက် အမြင့်ဆုံးခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း |
| ၁၈၇။ | MMS ISO 13061–5: 2020 သစ်၏ရူပနှင့် စက်မှုဆိုင်ရာဂုဏ်သတ္တိ — သေးငယ်သော အနာအဆာလွတ် သစ်သားနမူနာများအတွက် စမ်းသပ်မှုနည်းလမ်းများ – အပိုင်း(၅) – တည်ငြိမ်ကွေးညွတ်မှုအတွက် အမြင့်ဆုံးခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း |
| ၁၈၈။ | MMS ISO 2074:2007+AMD 1:2017 အထပ်သား – ဝေါဟာရ |
| ၁၈၉။ | MMS ISO 2426–1:2020 အထပ်သား – မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း – အပိုင်း (၁)– ယေဘုယျစည်းမျဉ်းများ |
| ၁၉၀။ | MMS ISO 2426–2:2020 အထပ်သား – မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း – အပိုင်း (၂)– သစ်မာ |
| ၁၉၁။ | MMS ISO 3129:2019 သစ်—သေးငယ်သော အနာအဆာလွတ် သစ်သားနမူနာများအတွက် ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာစမ်းသပ်မှုများအတွက် နမူနာကောက်ယူခြင်း နည်းလမ်းများနှင့် အထွေထွေလိုအပ်ချက်များ |
| ၁၉၂။ | MMS ISO 4556:2023 သစ်ကြမ်းခင်းတုံးထုတ်ရန် ကုန်ကြမ်းသစ် — ယေဘုယျ/ အခြေခံကြန်အင်္ဂါသွင်ပြင်လက္ခဏာများ |
| ၁၉၃။ | MMS ISO 4562:2023 သစ်ကြမ်းခင်းတုံး — အတန်းအစားခွဲခြားခြင်း |
| ၁၉၄။ | MMS ISO 8375:2017 သစ်သားထည်များ– ကော်ကပ်သစ်သား –ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာစူးစမ်းတွက်ချက်ခြင်းအတွက် စမ်းသပ်မှုနည်းလမ်းများ |
| ၁၉၅။ | MMS ISO 8903:2016 ရွက်ကြွေသစ်မျိုးသစ်ခွဲသား – အခြေခံအရွယ်အစားများ |
| ၁၉၆။ | MMS ISO 9098–2:2023 အိမ်တွင်းသုံးနှစ်ထပ်ခုတင်များနှင့်ခုတင်အမြင့်များ — ဘေးကင်းလုံခြုံမှု လိုအပ်ချက်များနှင့် စမ်းသပ်မှုများ – အပိုင်း(၂) – စမ်းသပ်မှုနည်းလမ်းများ |
| ၁၉၇။ | MMS ISO 4126–10:2024 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများ – အပိုင်း(၁၀) – အရည်နှင့်အငွေ့နှစ်မျိုးသုံး အန္တရာယ်ကင်းရှင်းရေးဗားနှင့် ပေါက်ထွက်ခြင်းဖြင့် ဖိထားထိန်းပေးသည့် အဝိုင်းပုံကိရိယာတို့၏ အရွယ်အစားသတ်မှတ်ခြင်း |

စာမျက်နှာ ၁၇ သို့ ❖

# Carabao Futsal Champion Cup 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

Carabao Futsal Champion Cup 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ Century Beverage Co.,Ltd. မှ Managing Director ဦးစိုင်းဝင်းအောင်၊ တာဝန်ရှိသူများနှင့် ပရိသတ်များက ဗိုလ်လုပွဲအဖြစ် MIU FC အသင်းနှင့် Winner Generations FC အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက Carabao Futsal Champion Cup 2025 ပွဲစဉ်တွင် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများအား အမှတ်တရဆုများကိုလည်းကောင်း၊ Carabao Futsal Champion Cup 2025 ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် YRG FC အသင်းအား ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသည့် Winner Generations FC အသင်းမှ ကျောနံပါတ် (၂၂) မောင်ကျော်ရဲသွေးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံး ကစားသမားဆုရရှိသည့် Winner Generations FC အသင်းမှ ကျောနံပါတ်(၄) မောင်ထွဋ်ထွဋ်လွင်အား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် TG United FC အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ တတိယဆုရရှိသည့် YRG FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် MIU FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း ပေးအပ်ကြသည်။




ယင်းနောက် Carabao Futsal Champion Cup 2025 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် Winner Generations FC အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က လည်းကောင်း၊ ချန်ပီယံဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အောင်ပွဲရကရင်ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆို

**ဘားအံ ဇူလိုင် ၂၇**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော ကရင်ပြည်နယ်ဘောလုံးအသင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် ဘောလုံးအားကစားကိုချစ်မြတ်နိုးကြသည့် ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံနှင့် သင်တန်းကျောင်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့သူမြို့သားများ၊ အားကစားဝါသနာရှင်များက သံလွင်တံတားအဆင်း ဘားအံမြို့အဝင်မုခ်ဦး၌ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။




ထို့နောက် တံခွန်စိုက်ဆုဖလားရ ကရင်ပြည်နယ်အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့တံခွန်စိုက်ဆုဖလားကြီးကို ရယူပေးခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ရသည့်အခမ်းအနားမျိုး ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကြိမ်ပေါင်းများစွာကျင်းပခွင့်ရရှိလိုပြီး အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဘောလုံးတံခွန်စိုက်ဆုဖလားကြီးကို ကရင်ပြည်နယ် ဇွဲကပင်တောင်အရိပ်အောက်တွင် နားခိုနိုင်အောင် ကြိုးစားယှဉ်ပြိုင်ကစားခဲ့ကြသည့် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးအသင်း အုပ်ချုပ်မှုအဖွဲ့၊ အားကစားသမားများနှင့် လိုအပ်သည်များဖြည့်ဆည်းကူညီပေးကြသော အားကစားဝါသနာရှင်များအားလုံးကို ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက်အောင်ပွဲရကရင်ပြည်နယ်ဘောလုံးအသင်းက တံခွန်စိုက်ဆုဖလားကို ပြည်နယ်ဝန်ကြီးချုပ်ထံအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုငွေကျပ် သိန်း ၃၀ ကို ပေးအပ်ချီးမြှင့်ပြီး အသင်းအုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့ ကြိုဆိုဂုဏ်ပြုသည့်အခမ်းအနားတွင် ပြည်နယ်အတွင်းရှိ ဘောလုံးအားကစားဝါသနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက အောင်ပွဲရ ကရင်ပြည်နယ်ဘောလုံးအသင်းအား စုစုပေါင်းငွေကျပ်၈၁၂သိန်းကိုဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြပြီး ဂုဏ်ပြုစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အောင်ပွဲရအားကစားသမားများ၊ နည်းပြ၊ အုပ်ချုပ်သူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

ထို့နောက် အောင်ပွဲရကရင်ပြည်နယ်ဘောလုံးအသင်းသည် တံခွန်စိုက်ဆုဖလားနှင့်အတူ ဘားအံမြို့အတွင်း လှည့်လည်အောင်ပွဲခံရာ အားကစားဝါသနာရှင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**❒ ONE Friday မှ**

သန့်ဇင်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် က ထိုးသတ်သည့် ပထမပွဲတွင် ထိုင်းဖိုက်တာ ဂျိုင်ဆင်းကို ဒုတိယအချီ စက္ကန့် ၄၀ တွင် ဒိုင်ပွဲရပ်၊ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၃ ရက်ကထိုးသတ်သည့် ဒုတိယပွဲတွင် ထိုင်းဖိုက်တာ အူထိုင်းကို ပထမအချီ တစ်မိနစ် ၁၄ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရထားပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ထိုးသတ်သည့် တတိယပွဲတွင် ဂျပန်ဖိုက်တာ တာခဲရူကို ဒုတိယအချီတွင် အလဲထိုး၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်ကထိုးသတ်သည့် စတုတ္ထပွဲတွင် ထိုင်းဖိုက်တာ ဆူရီယန်လက်ခ်ကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်တို့ဖြင့် ရှုံးနိမ့်ထားသည်။ သန့်ဇင်နှင့် ထိုးသတ်မည့် ခွန်ချာနမ်သည် ONE နှင့် ခြောက်ပွဲ ထိုးသတ်ရာတွင် နှစ်ပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ONE**

**❖ စာမျက်နှာ ၁၆ မှ**

| | |
|---|---|
| ၁၉၈။ | MMS ISO 105–A02:1993+Cor 2:2005 အထည်အလိပ်များ– အရောင်ခိုင်အားစမ်းသပ်ခြင်းများ– အပိုင်း(A02)– ဂရေးစကေး အသုံးပြု၍ အရောင်ပြောင်းလဲမှုကို အကဲဖြတ်ခြင်း |
| ၁၉၉။ | MMS ISO 105–A05:1996+ Cor 2:2005 အထည်အလိပ်များ– အရောင်ခိုင်အားစမ်းသပ်ခြင်းများ– အပိုင်း (A05)– ဂရေးစကေးတန်ဖိုးကို ဆုံးဖြတ်ရန်အတွက် အရောင်ပြောင်းခြင်းဆိုင်ရာ စမ်းသပ်ကိရိယာဖြင့် အကဲဖြတ်ခြင်း |
| ၂၀၀။ | MMS ISO 139:2005+AMD 1:2011 အထည်အလိပ်များ– စမ်းသပ်စစ်ဆေးမှုမပြုမီနှင့် စမ်းသပ်စစ်ဆေးစဉ်အတွင်း ရှိရမည့် စမ်းသပ်ခန်း၏ စံအပူချိန်နှင့် စိုထိုင်းဆ |
| ၂၀၁။ | MMS ISO 12947–1:1998+ Cor 1:2002 အထည်အလိပ်များ– Martindale method ကို အသုံးပြု၍ ပိတ်စများ၏ ပွန်းပဲ့မှုခံနိုင်အားကိုရှာခြင်း – အပိုင်း (၁)– Martindale စမ်းသပ်ကိရိယာဖြင့်ရှာခြင်း |
| ၂၀၂။ | MMS ISO 13937–1:2000+ Cor 1: 2004 အထည်အလိပ်များ– ပိတ်စများ၏ စုတ်ပြဲမှုခံနိုင်ရည်သတ္တိ – အပိုင်း (၁) – ballistic pendulum method (Elmendorf) ကို အသုံးပြု၍ စုတ်ပြဲမှုခံနိုင်ရည်ဝန်အားကိုရှာခြင်း |
| ၂၀၃။ | MMS ISO 1833–4:2023 အထည်အလိပ်များ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ– အပိုင်း(၄)– ပရိုတင်းအမျှင်များနှင့် အခြားအမျှင်အရောများ (ဟိုက်ပိုကလိုရိုက် အသုံးပြုသောနည်းလမ်း) |

| | |
|---|---|
| ၂၀၄။ | MMS ISO 3758:2023 အထည်အလိပ်များ– သင်္ကေတများကိုအသုံးပြု၍ အထည်အလိပ်ပစ္စည်းများအတွက် သတိပြုရမည့်အညွှန်းကုတ်ကပ်ခြင်း |
| ၂၀၅။ | MMS ISO 6330:2021 အထည်အလိပ်များ– အထည်အလိပ်ပစ္စည်းများကို အိမ်သုံး ရေလျှော်ခြင်း/အခြောက်လှန်းခြင်းတို့အတွက် စမ်းသပ်မှုနည်းလမ်းများ |
| ၂၀၆။ | MMS ISO 7211–2:2024 အထည်အလိပ်များ – ရက်လုပ်ထားသော အထည်များ၏ အထည်သားတည်ဆောက်ပုံအား စစ်ဆေးသည့်နည်းလမ်းများ – အပိုင်း(၂) –တစ်ယူနစ်အလျားအတိုင်းအတာအတွင်းရှိ ချည်ပင်အရေအတွက်အားတိုင်းတာခြင်း |
| ၂၀၇။ | MMS ISO/IEC 17030:2021 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း --- တတိယအဖွဲ့ (Third Party) ၏ အရည်အသွေးကိုက်ညီမှု အမှတ်အသားအတွက် အထွေထွေလိုအပ်ချက်များ |
| ၂၀၈။ | MMS ISO/IEC 17043:2023 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း --- ဓာတ်ခွဲခန်းများ ကျွမ်းကျင်မှု စစ်ဆေးခြင်းအတွက် အထွေထွေလိုအပ်ချက်များ |
| ၂၀၉။ | MMS ISO/IEC 27006–1:2024 သတင်းအချက်အလက်နည်းပညာ – လုံခြုံရေးနည်းစနစ်များ– သတင်းအချက်အလက် လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ |

# အသွင်သစ်များဖြင့် မူးယစ်အန္တရာယ်

ရွှေစင်

မူးယစ်ဆေးဝါးပြဿနာဟာ ခေတ်အဆက်ဆက် ဖြေရှင်းရခက်တဲ့ ပြဿနာတစ်ရပ်အဖြစ် ကမ္ဘာမှာ တည်ရှိနေဆဲ ဖြစ်ပါတယ်။ လူသားတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝတွေကို ပြင်းပြင်းထန်ထန် ထိခိုက်နစ်နာစေတဲ့အဓိကစိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်ပါတယ်။

အထူးသဖြင့် လက်ရှိနဲ့ အနာဂတ်လူငယ်မျိုးဆက်တွေအကြား ကြီးကြီးမားမား ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ရပ်လို့ ပြောလို့ရပါတယ်။ အသက်အန္တရာယ် ထိခိုက်နိုင်တဲ့အထိ ဘေးထွက်ဆိုးကျိုးများစွာရှိတာကို သိရှိနေကြတဲ့တိုင် လွယ်လင့်တကူ ဝယ်ယူသုံးစွဲခွင့်ရနေတဲ့ ဒီမူးယစ်ဆေးဝါးမျိုးစုံကို လူငယ်၊ လူကြီးမရွေး စိတ်ထွက်ပေါက်တစ်ခုအဖြစ်၊ လူငယ်သဘာဝ အပျော်အပါးမက်ပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပျော်ရွှင်မှုကို ရှာမိတဲ့အဖြစ်ကနေ မူးယစ်သားကောင်ဘဝ ရောက်ကြရပါတော့တယ်။ လူမှုရေး၊ စီးပွားရေး ဆုတ်ယုတ်ပျက်စီးရတဲ့အထိ၊ ကိုယ်ကျင့်သိက္ခာ နိမ့်ကျပျက်ပြားရတဲ့အထိ အပျော်အပါးနောက်ကို မဆင်မခြင် အလွန်အကြူးလိုက်စားမိကြတဲ့အခါ အမြတ်ထုတ်သူတွေရဲ့ ဓားစာခံ၊ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်ကြရပါတော့တယ်။

**အသွင်သစ် မူးယစ်ဆေးဝါးကို ဘယ်လိုသုံးစွဲနေကြသလဲ**

**ခေတ်အဆက်ဆက် အပျော်အပါးလိုက်စားကြတဲ့ Party ပွဲ၊ ထိုမှ DJ ခေတ်ကနေ Hi ခန်း၊ Happy Water ၊ E တို့ K တို့ စတဲ့ဝေါဟာရတွေ ယခုအခါ ခေတ်စားလာခဲ့ပါပြီ။ မှောင်တစ်ခါ၊ လင်းတစ်လှည့် ခပ်ဝါးဝါး ခပ်မှိန်မှိန် ရောင်စုံမီးများ၊ DJ သံ ဆူဆူညံညံနဲ့ သီးသန့်အလုံပိတ်အခန်းတွေထဲက ညများရဲ့ ဇာတ်လိုက်ကျော် မူးယစ်ဆေးတစ်မျိုးဖြစ်တဲ့ မြန်မာမှုပြု ခေါင်းခါဆေး တစ်နည်းပျော်ရွှင်ဆေး (Happy Water) တစ်မျိုးဟာ မူးယစ်ဆေးအဖြစ် နာမည်ကြီးနေခဲ့တာ နှစ်နဲ့ချီ ကြာနေပါပြီ။**

ယခုအခါ နာမည်ကြီးကလပ်၊ ဘားနဲ့ KTV တွေ၊ EDM ပွဲတွေမှာ ဒီမူးယစ်ဆေးဝါးတွေကို လွယ်ကူစွာ သုံးစွဲခွင့်ရရှိနေကြပါတယ်။ High ကို အတိုကောက် Hi လို့ ယူထားတဲ့ ဟိုင်းခန်းလို့ ခေါ်တဲ့ သီးသန့်အခန်းတွေဟာ ယခုဆိုရင် အလွန်ခေတ်စားနေတဲ့ စိတ်အပန်းဖြေရာ နေရာတစ်ခုဖြစ်နေပြီး ကလပ်မှာ Hi လို့မရရင်တောင် KTV အခန်းတွေ၊ ဟိုတယ်တွေမှာ Hi လို့ရတဲ့ အခြေအနေဖြစ်နေပါပြီ။ ဟိုင်းခန်းတွေမှာ လူငယ်တွေဟာ သီချင်းဆိုဖို့ချည်း မဟုတ်၊ အခန်းတွင်း အခန်းပြင် လွှမ်းမိုးနေတဲ့ DJ အသံတွေ၊ ပေါက်ကွဲသံစဉ် music တွေအောက်မှာ တစ်ချိန်လုံး၊ တစ်ညလုံး ကခုန်မြူးထူး ပျော်ပါးဖြစ်သွားကြတယ်။

**ဒါ့အပြင် အခုလိုဟိုင်းခန်းတွေမှာ အခြားမူးယစ်ဆေးတွေဖြစ်တဲ့ E အခေါ် အက်စတာစီ၊ K အခေါ် ကတ်တမင်းဆေး (Party Drug) တွေကိုလည်း Happy Water နဲ့ တွဲစပ်သုံးစွဲကြတာမျိုးလည်း ရှိလာကြတယ်။ "ဟိုင်း" မယ်ဆိုတာက ဟိုင်းခန်းတွေမှာ အဲဒီဆေးတွေကို ပေါင်းစပ်သုံးစွဲခြင်းကို ရည်ညွှန်းတဲ့ ဗန်းစကားတစ်ခုပါ။ တချို့လူငယ်တွေဆိုရင် နှစ်ရက်၊ သုံးရက်အထိ ဆက်တိုက်ဟိုင်းကြတယ်လို့ သိရပါတယ်။ ဒီဆေးတွေကို သုံးစွဲပြီးရင် အသိစိတ်က ပြင်ပကမ္ဘာတစ်ခုကို ရောက်ရှိသွားသလိုဖြစ်ပြီး မြူးမြူးကြွကြွတေးသံတွေနဲ့ စီးမျောခံစားကာ အဆက်မပြတ် ကခုန်နိုင်စွမ်းရှိကြတယ်လို့ ဆိုပါတယ်။**

ကခုန်နေချိန်မှာ ဘယ်လိုနာကျင်မှုမျိုးမှမရှိ၊ အဆက်မပြတ်ကခုန်ခဲ့ခြင်းရဲ့ နောက်ဆက်တွဲက ဆေးပြယ်ပြီး နောက်နေ့တွေမှာမှ ကိုယ်ခန္ဓာနာကျင်မှုဒဏ်ကို အလွန်အမင်းခံစားရတယ်လို့ မိတ်ဆွေတစ်ဦးပြောပြတာကို နားထောင်ခဲ့ရဖူးပါတယ်။



Hi ခန်းများတွင် သုံးစွဲနေကြသည့် E ခေါ် အက်စတာစီဆေးပြားများ။

ဟိုင်းခန်းတွေမှာ မူးယစ်စိတ်ကြွဆေးဝါးတွေ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြသလို Hi girl လို့ခေါ်ကြတဲ့ ဟိုင်းမယ်အလုပ်ကလည်း အလွန်တွက်ခြေကိုက်တယ်လို့ ဆိုပါတယ်။ လိင်ကိစ္စမပါဘဲ စိတ်ကြွဆေးဝါးတွေသုံး၊ ဧည့်သည်တွေနဲ့ တစ်ညလုံး တွဲဖက်ကခုန်ပေးရပြီး ဝင်ငွေကောင်းတဲ့အလုပ်မျိုးဖြစ်တဲ့အတွက် အမျိုးသမီးငယ်တွေအကြား ခေတ်စားလျက်ရှိနေပြန်ပါတယ်။

**သတိပြုဖွယ်ရာ ဖြစ်ရပ်တစ်ခု**

**K နဲ့ E ကို လူငယ်အများစု အဓိကထား သုံးစွဲကြတယ်လို့ ထင်ကြပေမယ့် လက်တွေ့မှာတော့ လူလတ်ပိုင်းကနေ အသက် ၄၀ / ၅၀ အရွယ်တွေပါ သုံးစွဲနေကြတယ်လို့ သိရပါတယ်။ လူငယ်တွေမှာ အဓိကအချက်က သူငယ်ချင်းအချင်းချင်း စည်းရုံးမှု၊ ဆွဲဆောင်မှု၊ ဖိအားပေးမှုတွေအရ မိမိကိုယ်တိုင် သုံးစွဲမိရာကနေ၊ အချို့ လက်တည့်စမ်းအသုံးပြုရာကနေ လူငယ်ထုအတွင်းမှာ မြန်မြန်ဆန်ဆန် သုံးစွဲဖြစ်သွားတယ်လို့ ဆိုပါတယ်။ လူလတ်ပိုင်းဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လုပ်ငန်းခွင်မှာ စိတ်ဖိစီးမှုများတဲ့သူတွေ၊ အပျော်ရှာချင်တဲ့သူတွေလည်း သုံးကြပါတယ်။ ဟိုင်းခန်းတစ်ခါသွားရင် တစ်ဦးကို အနည်းဆုံး ဆယ်သိန်းခန့်ကုန်ကျနိုင်တာမို့ ဒီပမာဏကို ဖြုန်းနိုင်တဲ့အင်အားက လူငယ်တွေထက် လူကြီးတွေသာဖြစ်တယ်လို့လည်း ဆိုကြပါတယ်။**

ဒီနေရာမှာ မိမိမိတ်ဆွေတစ်ဦးဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးရဲ့ အတွေ့အကြုံတစ်ခုကို သတိပြုဖွယ်ဖော်ပြလိုပါတယ်။ သူဟာ အလုပ်ကို အလွန်ကြိုးစားတဲ့အတွက် မိသားစုစီးပွားရေးမှာ အတော်အသင့် အောင်မြင်နေသူတစ်ဦးပါ။ အောင်မြင်နေချိန် သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ ဟိုင်းခန်းတွေ၊ KTV နဲ့ Party ပွဲတွေကို ဝင်ရောက်ဆင်နွှဲလေ့ရှိတယ်လို့ ဆိုပါတယ်။

အစပိုင်းမှာ ခပ်ကျဲကျဲပုံမှန်အတိုင်း စိတ်အပန်းဖြေရာအဖြစ်၊ အပျော်အပါးအဖြစ် သွားလာရာကနေ နောက်ပိုင်းမှာ ပါတီတွေ၊ ဘားတွေ၊ ကေတီဗွီရဲ့ထုံးစံအတိုင်း မသုံးမဖြစ် သုံးစွဲလိုက်ရတဲ့ ဆေးဝါးတွေကြောင့် နောက်ပိုင်းမှာ မသွားရမနေနိုင်၊ မသုံးရမနေနိုင်တဲ့အထိ ဖြစ်သွားပါတယ်။ မသွားသင့်၊ မလာသင့်၊ မိမိနဲ့မအပ်စပ်တဲ့နေရာတွေနဲ့ ခပ်စိပ်စိပ်ထိတွေ့လာတဲ့ အကျိုးဆက်က များပြားလှတဲ့ ကုန်ကျစရိတ်တွေပါပဲ။ အချိန်အတော်များများလည်း ပေးလိုက်ရတယ်။ အပျော်အပါးဘက် တပ်မက်လာတဲ့အခါ စီးပွားရေးဘက်မှာ ဘယ်မှာ အာရုံစိုက်နိုင်ပါတော့မလဲ။ တဖြည်းဖြည်း စီးပွားရေးထိခိုက်လာခဲ့ရတော့တာပေါ့။

စီးပွားရေးယိုယွင်းလာပြီး မိမိလုပ်ငန်းအခြေအနေ မကောင်းတော့တာကို ကိုယ်တိုင်အချိန်မလွန်ခင် ပြန်လည်ဆင်ခြင်မိပြီး အပေါင်းအသင်းတွေနဲ့ အမုန်းခံ၊ ခပ်ဝေးဝေးခွာခဲ့ပြီးမှ စီးပွားရေးကို ပြန်လည်အာရုံစိုက်ခဲ့ရပါတယ်တဲ့။ မူးယစ်ဆေးဝါးဆိုးကျိုးတွေဟာ မိမိရဲ့ဂုဏ်သိက္ခာ၊ လုပ်ရည်ကိုင်ရည် စွမ်းဆောင်မှုနဲ့အောင်မြင်မှုတွေကို အလွယ်တကူ ဝါးမျို ဖျက်ဆီးပစ်နိုင်တယ်ဆိုတာ ပြသနေရုံမျှမက မိမိနဲ့မိသားစုတစ်ခုလုံးရဲ့ ဘဝအနာဂတ်တစ်ခုလုံး အတွက်လည်း အန္တရာယ်ဖြစ်စေနိုင်တယ်ဆိုတာ မိတ်ဆွေရဲ့အတွေ့အကြုံအရ သင်ခန်းစာယူဖွယ်ရာတစ်ခုအဖြစ် တွေ့ရှိရပါတယ်။

**ဆိုးကျိုးများစွာနှင့် အသွင်သစ်မူးယစ်ဆေးများ**

ယနေ့ခေတ် မူးယစ်ဆေးဝါးတွေက အရင်တွေ့နေကျ ပုံစံမဟုတ်တော့ပါဘူး။ အသွင်သစ်၊ အမြင်သစ်တွေ ဖြစ်လာကြပါပြီ။ ဓာတုဆေးဝါးဖော်စပ်မှုအသစ်တွေနဲ့ ပြုပြင်ဖန်တီးထုတ်လုပ်လာကြတာ တွေ့ရပါတယ်။ စိတ်ကိုပြောင်းလဲစေတဲ့ မူးယစ်ဆေးဝါးတွေ၊ ထုံထိုင်းမူးယစ်ဆေးဝါးတွေ၊ ဘိန်းဖြူ၊ WY နဲ့ Ice စတဲ့ မူးယစ်ဆေးဝါးတွေကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ ခေတ်ပေါ်ဓာတုမူးယစ်ဆေးဝါးမျိုးစုံကို အသွင်သဏ္ဌာန်မျိုးစုံနဲ့ တွေ့လာနေရပါပြီ။ အလွယ်တကူရနေလို့ အသုံးများလာခြင်းလား ဆန်းစစ်ရပါမယ်။ မူးယစ်ဆေးဆိုတာ သုံးစွဲနေချိန်မှာ ဆေးရဲ့အရှိန်နဲ့ ကောင်းတဲ့စိတ်ခံစားမှုဖြစ်မယ်၊ ဆေးပြယ်ချိန်မှာ ဆိုးရွားပြင်းထန်တဲ့ဝေဒနာမျိုး ခံစားရမယ်။ ဒီအခါမှာ ဆေးရှိန်မပြယ်စေဖို့အတွက် ဆေးကို ဆက်တိုက်သုံးစွဲဖြစ်သွားတယ်။ အဲဒီက တစ်ဆင့် မူးယစ်ဆေးကို စွဲလမ်းတဲ့အဆင့် ရောက်သွားမယ်။ ဒီအချက်တွေက မူးယစ်ဆေးရဲ့ သဘောသဘာဝကို ပြနေတာဖြစ်ပါတယ်။

K နဲ့ E ကို လူငယ်အများစု အဓိကထားသုံးစွဲကြတယ်လို့ ထင်ကြပေမယ့် လက်တွေ့မှာတော့ လူလတ်ပိုင်းကနေ အသက် ၄၀ / ၅၀ အရွယ်တွေပါ သုံးစွဲနေကြတယ်လို့ သိရပါတယ်။ လူငယ်တွေမှာ အဓိကအချက်က သူငယ်ချင်းအချင်းချင်း စည်းရုံးမှု၊ ဆွဲဆောင်မှု၊ ဖိအားပေးမှုတွေအရ မိမိကိုယ်တိုင် သုံးစွဲမိရာကနေ၊ အချို့လက်တည့်စမ်းအသုံးပြုရာကနေ လူငယ်ထုအတွင်းမှာ မြန်မြန်ဆန်ဆန် သုံးစွဲဖြစ်သွားတယ်လို့ ဆိုပါတယ်။ လူလတ်ပိုင်းဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လုပ်ငန်းခွင်မှာ စိတ်ဖိစီးမှုများတဲ့သူတွေ၊ အပျော်ရှာချင်တဲ့သူတွေလည်း သုံးကြပါတယ်။ ဟိုင်းခန်းတစ်ခါသွားရင် တစ်ဦးကို အနည်းဆုံး ဆယ်သိန်းခန့်ကုန်ကျနိုင်တာမို့ ဒီပမာဏကို ဖြုန်းနိုင်တဲ့အင်အားက လူငယ်တွေထက် လူကြီးတွေသာဖြစ်တယ်လို့လည်း ဆိုကြပါတယ်

အသွင်ပြောင်း မူးယစ်ဆေးဝါးအမျိုးမျိုးကို ရေရှည်သုံးစွဲဖြစ်လာတဲ့အခါ နာတာရှည်ကျန်းမာရေးဆိုင်ရာပြဿနာတွေ ဖြစ်လာမယ်၊ မိမိကိုယ်မိမိ မထိန်းချုပ်နိုင်တော့တဲ့ အသိမဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေကို ထပ်ဆင့်ရင်ဆိုင်လာရပြီဆိုရင်တော့ အမှန်အကန် မူးယစ်ဆေးစွဲနေပြီလို့ ပြောလို့ရနေပါပြီ။ Happy Water လို မူးယစ်ဆေးအနွယ်ဝင် စိတ်ကြွဆေးဝါးတွေဟာ သုံးစွဲမှုပမာဏအပေါ် မူတည်ပြီး ကျန်းမာရေးအပေါ်သက်ရောက်မှု အနိမ့်အမြင့် ရှိနိုင်ပါတယ်။ တစ်ဦးချင်းအနေနဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ ခုခံအားစနစ်နဲ့ ဦးနှောက်လုပ်ဆောင်မှုပုံစံ မတူညီတဲ့အတွက်တော့ မူးယစ်ဆေးရဲ့ သက်ရောက်မှုက တူညီနိုင်မှာမဟုတ်ပါဘူး။

**လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းက လူငယ်တွေအတွက် ဘယ်လိုကြီးမားတဲ့ အန္တရာယ်ဖြစ်သလဲဆိုရင် တစ်ဦးချင်းကျန်းမာရေး၊ ပညာရေး၊ မိသားစုအရေးနဲ့ အနာဂတ်ဘဝကိုပါ ကြီးစွာထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာတွေကို အချိန်မီကာကွယ်နိုင်ဖို့ မိဘတွေရဲ့တာဝန်ရှိမှုနဲ့အတူ သားသမီးကို ပြုစုစောင့်ရှောက်နိုင်ရေးက အလွန်ပဲ အရေးကြီးလှပါတယ်။ မိဘတွေအနေနဲ့ မိမိသားသမီးရဲ့စိတ်ခံစားမှုနဲ့ နေ့စဉ်အပြုအမူတွေ အပေါ် အကဲခတ်နေရပါမယ်။ အများအားဖြင့်တော့ မိမိရဲ့ သားသမီးတွေမှာ၊ မိတ်ဆွေသူငယ်ချင်းတွေမှာ မူမမှန်ဘဲ စိတ်ခံစားချက်တွေကျနေမယ်၊ ထင်ယောင်ထင်မှားဖြစ်လာမယ်၊ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်မှုမရှိ၊ စားချင်သောက်ချင်စိတ်မရှိ၊ အိပ်ရေးခဏခဏပျက်မယ်၊ တွေဝေငေးမောနေမယ်ဆိုရင် မူးယစ်ဆေးများစွဲနေမလား သတိထားစောင့်ကြည့်ဖို့ လိုပါတယ်။

ဒီအခါမှာ သားသမီးတွေနဲ့ ရင်းရင်းနှီးနှီး ပြောဆိုဆွေးနွေးဆက်ဆံပေးရမယ်၊ လူငယ်တွေရဲ့ ပြောစကားကို နားထောင်ပေးခြင်းနဲ့ မိမိသားသမီးရဲ့ လူမှုဆက်ဆံရေးပတ်ဝန်းကျင်ကို သိရှိနိုင်ဖို့ ကြိုးစားဆောင်ရွက်သင့်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းကသာ မဖြစ်သင့်တဲ့ ရာဇဝတ်မှုတွေ၊ မူးယစ်ဆေးစွဲခြင်းလိုမျိုးအန္တရာယ်တွေကို တားဆီးကာကွယ်ရာရောက်ပြီး အရေးကြီးတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်တယ်လို့ မိဘတွေကိုယ်တိုင်က ခံယူထားသင့်ပါတယ်။ စာမျက်နှာ ၁၉ သို့ ■

■ စာမျက်နှာ ၁၈ မှ

မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့အန္တရာယ်တွေကို ကောင်းကောင်းမွန်မွန် ဆွေးနွေးပေးနိုင်ဖို့ မိသားစုအတွင်း နားလည်ယုံကြည်မှုအခြေပြုတဲ့ ဝန်းကျင်ကောင်းတစ်ခုကိုလည်း ဖန်တီးပေးထားဖို့ လိုပါတယ်။ ဒါမှသာ မိဘနဲ့ သားသမီးတွေအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာမှာဖြစ်ပြီး သားသမီးတွေအနေနဲ့ ဘေးအန္တရာယ်တစ်ခုခု သို့မဟုတ် လူမှုရေးဆိုင်ရာပြဿနာတစ်ခုခုကို ရင်ဆိုင်လာရတဲ့အခါမှာ မိဘတွေထံ ယုံကြည်စိတ်ချမှုအပြည့်နဲ့ ဖွင့်ဟပြောဆိုနိုင်ကြမှာဖြစ်ပါတယ်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်တဲ့ ပညာရေး၊ မိသားစုကောင်းတစ်ခုရဲ့ ပံ့ပိုးမှုနဲ့ တိုးတက်တဲ့ လူမှုအဖွဲ့အစည်းတွေက တစ်ဆင့်သာ လူငယ်တွေအတွက် မူးယစ်ဆေးကင်းပြီး တည်ငြိမ်ကောင်းမွန်တဲ့ အနာဂတ်လမ်းကြောင်းကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

တကယ်လို့ မိမိ မိသားစုဝင်တစ်ဦးဦးဟာ မူးယစ်ဆေးဝါးသုံးစွဲနေတာကိုသိရှိရင် ဝိုင်းဝန်းအပြစ်တင် ရှုတ်ချပြောဆိုခြင်းမပြုဘဲ အပြုသဘောဆောင်တဲ့ပြောဆိုမှု၊ ကူညီဖေးမမှုနဲ့ အားပေးနှစ်သိမ့်မှုတွေကသာ အဓိကဖြစ်ပါတယ်။ အကြောင်းကဆေးစွဲနေသူအများစုမှာ မူးယစ်ဆေးက မကောင်းမှန်း သိပင်ငြား မိမိရဲ့စွဲလမ်းစိတ်ကို တွန်းလှန်ဖို့ မစွမ်းသာတဲ့အတွက် မူးယစ်နွံမှ လွတ်မြောက်ဖို့ အလွန်ပင်ခက်ခဲနေတတ်ပြီး မူးယစ်စွဲလမ်းစိတ်ရဲ့

**❛ မူးယစ်ဆေးဝါးသုံးစွဲခြင်းက လူငယ်တွေအတွက် ဘယ်လိုကြီးမားတဲ့ အန္တရာယ်ဖြစ်သလဲဆိုရင် တစ်ဦးချင်းကျန်းမာရေး၊ ပညာရေး၊ မိသားစုအရေးနဲ့ အနာဂတ်ဘဝကိုပါ ကြီးစွာထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာတွေကို အချိန်မီကာကွယ်နိုင်ဖို့ မိဘတွေရဲ့တာဝန်ရှိမှုနဲ့အတူ သားသမီးကို ပြုစုစောင့်ရှောက်နိုင်ရေးက အလွန်ပဲအရေးကြီးလှပါတယ်။ မိဘတွေအနေနဲ့ မိမိသားသမီးရဲ့စိတ်ခံစားမှုနဲ့ နေ့စဉ်အပြုအမူတွေအပေါ် အကဲခတ်နေရပါမယ်။ အများအားဖြင့်တော့ မိမိရဲ့သားသမီးတွေမှာ၊ မိတ်ဆွေသူငယ်ချင်းတွေမှာ မူမမှန်ဘဲစိတ်ဓာတ်တွေကျနေမယ်၊ ထင်ယောင်ထင်မှားဖြစ်လာမယ်၊ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်မှုမရှိ၊ စားချင်သောက်ချင်စိတ်မရှိ၊ အိပ်ရေးခဏခဏပျက်မယ်၊ တွေဝေငေးမောနေမယ်ဆိုရင် မူးယစ်ဆေးများစွဲနေမလား သတိထားစောင့်ကြည့်ဖို့လိုပါတယ် ❜**

စေရာနောက်သို့ မျောပါသွားရတဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် မိသားစုရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုတွေကသာ မူးယစ်ဆေးဖြတ်ရာမှာ အလွန်အရေးကြီးတဲ့ ကူညီထောက်ပံ့မှုတွေဖြစ်ပါကြောင်း တင်ပြပါရစေ။

ယခုခေတ်လူငယ်အချို့အနေနဲ့ **"အပျော်အပါးကို အလွန်အကျွံမလိုက်စားသင့်ပါ"** လို့ စေတနာနဲ့ ပြောပါရစေ။ ဘယ်လိုမူးယစ်ဆေးဝါးဖြစ်ဖြစ် လက်တည့်စမ်းမသုံးစွဲပါနဲ့။ တစ်ကြိမ်တစ်ခါ စမ်းသပ်သုံးစွဲမိတယ်ဆိုရင်တောင် မိမိဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်တဲ့ အန္တရာယ်ကြီးတစ်ခုအဖြစ် မြင်ရပါမယ်။ အန္တရာယ်အဖြစ်လက်ခံမိရင်လည်း ရှောင်လွှဲနိုင်တဲ့ စွမ်းအားရှိရမှာဖြစ်ပါတယ်။ အကြောင်းက မူးယစ်ဆေးဝါးရဲ့ အသွင်သဏ္ဍာန် ဘယ်လိုပြောင်းပြောင်း သက်ရောက်မှုအန္တရာယ်ကတော့ ဘယ်တော့မှ မပြောင်းလဲတဲ့အတွက် ဖြစ်ပါတယ်။

ခေတ်ရေစီးကြောင်းနဲ့အတူ မျောပါနေတဲ့ လူငယ်တွေကိုအကဲခတ်ပြီး လူကြီးမိဘတွေအနေနဲ့လည်း လူငယ်တွေ ပြောဆိုသုံးနှုန်းတတ်တဲ့ ခေတ်သစ်မူးယစ်ဆေး အခေါ်အဝေါ် အသုံးအနှုန်းတွေ၊ တစ်ခဏပျော်ရွှင်မှုရဖို့ အကြောင်းပြဆင်ခြေပေးပြီး အသုံးပြုနိုင်တဲ့ နည်းလမ်းမှန်သမျှ သိရှိနေအောင် ကြိုးစားသင့်ပါကြောင်းနဲ့ မိမိတို့ရဲ့သားသမီး၊ မိသားစုဝင်တွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေကို လမ်းမှားမရောက်စေဖို့အတွက် သွန်သင်ဆုံးမနိုင်မယ့်၊ သတိထားရှောင်ကြဉ်ရမယ့် အချက်အလက်တွေကို ဒီဆောင်းပါးနဲ့ စေတနာရှေ့ထား မျှဝေလိုက်ရပါတယ်။ ။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၇**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကိုထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်ပန်းတောင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID ကတ်များ ဆောင်ရွက်ပေး

**ကျောက်ပန်းတောင်း ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာထုတ်ယူရာတွင် လျင်မြန်လွယ်ကူစေရန်နှင့် အခက်အခဲမရှိစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ UID(Unique Identity)–Smart Card များကို မြန်မာ့စီးပွားရေးဘဏ်(မြို့နယ်ဘဏ်ခွဲ)သို့ သွားရောက်၍ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အခမဲ့ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ပန်းတောင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများ၏ ဇီဝဆိုင်ရာအချက်အလက်များ စိစစ်ကောက်ယူခြင်းနှင့် လက်ဗွေများအား Scan ဖတ်ခြင်း၊ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များ ထည့်သွင်း၍ UID နံပါတ်များထုတ်ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စစ်တွေ | ပုသိမ် | မြစ်ကြီးနား | စစ်ကိုင်း | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၄၅ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၅ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၀ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၃၅ |
| 95 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၀ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၀ | ၂၇၈၀ | - | ၃၀၇၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၀ | ၂၈၅၅ | ၃၁၁၀ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၆ | ၂၈၅၅ |
| 95 Ron | ၂၈၂၁ | ၂၉၁၁ |
| HSD (500 ppm) | ၂၅၄၈ | ၂၆၂၈ |
| HSD (50 ppm) | ၃၁၇၆ | ၃၂၆၉ |
| HSD (10 ppm) | ၃၁၇၆ | ၃၂၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❂ ဆင်ကူးကျွန်းမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

၂။ ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတော အဓိကသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနဲ၊ မဒမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ နံ့ဖြူး(ငှက်)နှင့် ဓနိပင်စသည့် ဒေသမျိုးရင်းဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဖင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ၂၀၂၅ ခုနှစ် ဩဂုတ်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၂၅ ရက်မှ ၃၀ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၉ ရက်မှ ၂၄ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၁၄ ရက်မှ ၁၈ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

# ထားဝယ်မြို့နယ် ကဒင်ဝကျေးရွာအဝင်လမ်း လုပ်ငန်းဆောင်ရွက်

**ထားဝယ် ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကဒင်ဝကျေးရွာအဝင်လမ်းလုပ်ငန်းဆောင်ရွက်ရန် ယမန်နေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်တာဝန်ခံများက ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက ကဒင်ဝကျေးရွာအဝင်လမ်း ၁/၀ မိုင်အရှည်ကတ္တရာလမ်းပျက်အား Regulation ပြုလုပ်၍ ကတ္တရာရေပိတ်လွှာ နှစ်ထပ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ကဒင်ဝကျေးရွာအဝင်လမ်း ၁/၀ မိုင်အရှည် ကတ္တရာလမ်းပျက်အား Regulation ပြုလုပ်၍ ကတ္တရာရေပိတ်လွှာ နှစ်ထပ်လောင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**





# အင်းစိန်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ဇူလိုင် ၂၆ မွန်းလွဲပိုင်းက ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ရေးသားသည့် မြန်မာစာ-မြန်မာစကား စာအုပ်ဖြင့် Book Club အဖွဲ့ စာဖတ်ဝိုင်းကျင်းပသည်။

စာဖတ်ဝိုင်းတွင် Book Club အဖွဲ့နာယက ဆရာကြီး ဦးရန်နောင် (ရန်နောင် -ပညာရေး)၊ ဆရာကြီး ဦးတော်မြင့်( တော်မြင့်- ငှက်ဖျား)၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းတို့က အမှာစကားများပြောကြားကြပြီး Book Club အဖွဲ့ဥက္ကဋ္ဌ ဆရာဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ရေးသားသည့် မြန်မာစာ-မြန်မာစကား စာအုပ်ပါအကြောင်းအချက်များကို ဆရာဦးဝင်းနွယ် ( ဝင်းနွယ်-ပုသိမ်)ကဆွေးနွေးပြီး ဆရာအောင်ငယ်ဆင့်နှင့် ဆရာမရွှေဘုတ်(အင်းစိန်)တို့က ဆက်လက်ဆွေးနွေးရာ စာဖတ်ဝိုင်းသို့ တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် Book Club အဖွဲ့နာယက ဆရာကြီး ဦးသက်တင် (မောင်သာတင့်)နှင့် Book Club အဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း )တို့က နိဂုံးချုပ်ဆွေးနွေးအမှာစကားများ ပြောကြားပြီး ဦးဆောင်ဆွေးနွေးသူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ကျိုက်မရော ဇူလိုင် ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ (UID)ကတ် ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(ရွှေဟင်္သာ) ခန်းမ၌ ဆောင်ရွက်ပေးသည်။



ဦးစွာ အငြိမ်းစားဝန်ထမ်းများအား UID ကတ်များ ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန့်ဇင်တို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

**ဆောင်ရွက်ပေးသွားမည်**

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၃၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကိုလှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မော်ရိုကိုအမျိုးသမီးအသင်းကို အနိုင်ရပြီး နိုင်ဂျီးရီးယားအမျိုးသမီးအသင်း အာဖရိကနိုင်ငံများဖလား (၁၀)ကြိမ်မြောက်ဆွတ်ခူး

နိုင်ဂျီးရီးယားအမျိုးသမီးအသင်းနဲ့ မော်ရိုကိုအမျိုးသမီးအသင်းတို့ ဇူလိုင် ၂၇ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီးအာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ နိုင်ဂျီးရီးယားအမျိုးသမီးအသင်းက မော်ရိုကိုအမျိုးသမီး အသင်းကို အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မော်ရိုကိုအမျိုးသမီးအသင်းက ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ ချက်လက်က တစ်ဂိုး၊ ၂၄ မိနစ်မှာ မက်ဆူဒီက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာကြောင့် ပထမပိုင်းပွဲကစားချိန်အတွင်းမှာ နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

**အနိုင်ရရှိ**

နိုင်ဂျီးရီးယားအမျိုးသမီးအသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်မှာ အိုကိုရွန်ကိုရဲ့ ပင်နယ်တီသွင်းဂိုး၊ ၇၁ မိနစ်မှာ အီဂျာမီဆူလီက တစ်ဂိုး၊ ၈၈ မိနစ်မှာ အက်ချီဂီနီက တစ်ဂိုး သွင်းယူပေးခဲ့လို့ မော်ရိုကိုအမျိုးသမီးအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နိုင်ဂျီးရီးယားအမျိုးသမီးအသင်းဟာ မော်ရိုကိုအမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့ကာ အမျိုးသမီး အာဖရိကနိုင်ငံများဖလားချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ပြီဖြစ်တာကြောင့် လက်ရှိအချိန်မှာ အမျိုးသမီးအာဖရိကနိုင်ငံများဖလားကို (၁၀)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။




# လီဗာပူးအသင်းတိုက်စစ်မှူး လူးဝစ်ဒိုင်ယက်ဇ်အား ဘိုင်ယန်မြူးနစ်အသင်းက ပေါင်သန်း ၆၀ အထိပေးပြီးခေါ်ယူမည်



ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှ တိုက်စစ်မှူး လူးဝစ်ဒိုင်ယက်ဇ်ကို ပေါင်သန်း ၆၀ အထိ ပေးပြီး ခေါ်ယူဖို့ စီစဉ်လျက် ရှိပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ယခုလအစောပိုင်းမှာ ကိုလံဘီယာတိုက်စစ်မှူး လူးဝစ်ဒိုင်ယက်ဇ်ကို ပြောင်းရွှေ့ကြေးပေါင် ၅၈ ဒသမ ၆ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးလူးဝစ်ဒိုင်ယက်ဇ်ဟာ ဟောင်ကောင်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အေစီမီလန်အသင်းနဲ့ လီဗာပူးအသင်းတို့ရဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ လီဗာပူးအသင်းကနေထွက်ခွာဖို့ ပြောကြားခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အေစီမီလန်အသင်းက လီဗာပူးအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လူးဝစ်ဒိုင်ယက်ဇ်ဟာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက ပေါ်တိုအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၃၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- အာဆင်နယ်အသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး အက်ဘီရီချီအက်ဇီကို ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ နဲ့ စာချုပ်ချုပ်ဆို ခေါ်ယူရန် အဆောတလျင် စီစဉ်လျက်ရှိပြီး ကစားသမားကိုယ်တိုင်ကလည်း နည်းပြ အာတီတာနဲ့ လက်တွဲခွင့်ရရှိရေး မျှော်လင့်ထားတာဖြစ်ပါတယ်။
- မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ပီအက်စ်ဂျီအသင်းမှ အသက် ၂၆ နှစ်အရွယ်ရှိ အီတလီဂိုးသမား ဒွန်နာရမ်မာကို စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ဂါလာတာစာရေးအသင်းကလည်း ဒွန်နာရမ်မာကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- အဲဗာတန်အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ မော်ရိုကိုဘယ်နောက်ခံကစားသမား အက်ဒမ်အက်နူကို ပြောင်းရွှေ့ကြေးပေါင် ၇ ဒသမ ၈ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်း၊ ဘန်လေအသင်း၊ ဘရန်းဖို့ဒ်အသင်း၊ ဆောက်သမ်တန်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ဟာ အသက် ၁၈ နှစ်အရွယ်ရှိ ဆီနီဂေါတိုက်စစ်မှူး ဂွိယီအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

# ဗြိတိန်တင်းနစ်မယ် ရာဒူကာနူ ကာလင်စကာယာကို ရှုံးနိမ့်ပြီး ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှ ထွက်ခဲ့ရ

ဗြိတိန်တင်းနစ်မယ်အမ်မာရာဒူကာနူဟာ ဝါရှင်တန်အိုးပင်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်မှာ ရုရှားတင်းနစ်မယ် ကာလင်စကာယာကို ရှုံးနိမ့်ခဲ့ပြီးနောက် ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲကနေ



ထွက်ခဲ့ရပြီ ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူဟာ ရုရှားတင်းနစ်မယ် ကာလင်စကာယာကို ၆-၄၊ ၆-၃ နဲ့ ရှုံးနိမ့်ခဲ့တာလည်းဖြစ်ပါတယ်။ ရုရှားတင်းနစ်မယ် ကာလင်စကာယာဟာ အမ်မာရာဒူကာနူကို အနိုင်ရရှိခဲ့ပြီးနောက် ဝါရှင်တန် အိုးပင်းတင်းနစ်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ လီလာဖာနန်ဒက်ဇ်နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

လီလာဖာနန်ဒက်ဇ်ဟာ ၂၀၂၁ ခုနှစ် အတွင်းက ကျင်းပခဲ့တဲ့ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ သုံးနာရီနဲ့ ၁၂ မိနစ်အကြာ ယှဉ်ပြိုင်ကစားခဲ့ကာ ၆-၇(၂-၇)၊ ၇-၆(၇-၃)၊ ၇-၆(၇-၃) နဲ့ ဗြိတိန်တင်းနစ်မယ် ရာဒူကာနူကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**



# ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယို မာရီယိုဘာရီယော့စ်နဲ့ မကျေပွဲပြန်လည်ထိုးသတ်ရန် ဆန္ဒရှိနေ

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယိုဟာ လက်ဝှေ့ကြိုးဝိုင်းအတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် ချန်ပီယံခါးပတ်နဲ့ လွဲချော်ခဲ့ရတာကြောင့် ဒဗလျူဘီစီ ဝယ်တာဝိတ်ချန်ပီယံ မာရီယိုဘာရီယော့စ်နဲ့ မကျေပွဲ ပြန်လည်ထိုးသတ်ဖို့ ဆန္ဒရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

အသက် ၄၆ နှစ်အရွယ်ရှိ ပက်ကွီယိုဟာ လက်ဝှေ့လောကကနေ အနားယူခဲ့ပြီးနောက် ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာချိန်မှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ပွဲစဉ်မှာ အသက် ၃၀ အရွယ်ရှိ မာရီယိုဘာရီယော့စ်ကို နှစ်မှတ်လျော့နဲ့ ရှုံးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။

ပက်ကွီယိုဟာ ဝိတ်တန်းရှစ်ခုမှာ ကမ္ဘာ့ချန်ပီယံခါးပတ် ၁၂ ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်က အသက် ၄၀ အရွယ်မှာ ဝယ်တာဝိတ်တန်းပြိုင်ပွဲ၌ အနိုင်ရရှိခဲ့ဖူးတဲ့ အသက်အကြီးဆုံးလက်ဝှေ့ကျော်အဖြစ် မှတ်တမ်းဝင်ခဲ့တာလည်း ဖြစ်ပါတယ်။

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့များအား တွေ့ဆုံအားပေး

ပုသိမ် ဇူလိုင် ၂၇

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက်တွေ့ဆုံအားပေးသည်။

**မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကိုးသိန်းအားကစားကွင်း ထမင်းစားဆောင်၌ ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များမှ အားကစားသမားများအား နေ့လယ်စာကျွေးမွေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသား၊ အမျိုးသမီးအသင်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ(၂)သို့ သွားရောက်၍ ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ လေ့ကျင့်ရန်အတွက် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အားကစားအဖွဲ့များ၏ သတ်မှတ်အချိန်များအတိုင်း လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း စာအုပ်နှင့်ရန်ပုံငွေလှူဒါန်းသူများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ



ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်းရည်ညွှန်းစာကြည့်တိုက်တည်ထောင်ခြင်း (၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမောင်မြကျော်က အမှာစကားပြောကြားပြီး ရည်ညွှန်းစာကြည့်တိုက်တည်ထောင်ခြင်း (၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာကြည့်တိုက်ရစ်တိုက်သို့ စာအုပ်များ လှူဒါန်းခြင်းနှင့်ပတ်သက်၍ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာပန်းမျိုးခင်က ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မြင်းမူမောင်နိုင်မိုးက အမှာစကားပြောကြားသည်။

ထို့နောက် ရည်ညွှန်းစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းသူ အလှူရှင်များကိုယ်စား စာအုပ်အလှူရှင် ခုနစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စာကြည့်တိုက်သို့ ရန်ပုံငွေထည့်ဝင်လှူဒါန်းခြင်းနှင့် အလှူရှင်များအား ရည်ညွှန်းစာကြည့်တိုက် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ရည်ညွှန်းစာကြည့်တိုက်တည်ထောင်ခြင်း(၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စာကြည့်တိုက်ရစ်တိုက်သို့ သုတ/ရသ စာအုပ်ပေါင်း ၂၀၀၈ အုပ်ကို ဆက်လက်ခွဲဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

---

# ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် အမှတ်(၄)လမ်းမကြီးတိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်မည့်အခြေအနေများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)နှင့် (အနောက်ပိုင်း)မြို့နယ်တို့အတွင်းရှိ ရန်ကုန်-ပုသိမ် လမ်းမကြီးနှင့် ညောင်တုန်းလမ်းတစ်လျှောက် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများရွှေ့ပြောင်းရေး ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄) လမ်းမကြီးတိုးချဲ့ခြင်းလုပ်ငန်းနှင့် မလွတ်ကင်းသည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းခွင်တို့အား ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ဥက္ကဋ္ဌဦးအောင်ကျော်ဦးနှင့်အဖွဲ့ဝင်များသည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး ရန်ကုန်-ပုသိမ် လမ်းမကြီးနှင့် အမှတ်(၄)လမ်းမကြီး တိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်မည့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ အချိန်မီပြီးစီးရေး အမြန်ဆောင်ရွက်ရန်နှင့် စက်မှုဇုန်များအား ဓာတ်အားဖြန့်ဖြူးပေးရာတွင် ဓာတ်အားစနစ်ကောင်းမွန်ရေးအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ အမြန်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ်သို့ ရောက်ရှိပြီး အမှတ်(၄) လမ်းမကြီးတစ်လျှောက် လမ်းတိုးချဲ့ရာတွင် လွတ်ကင်းမှုမရှိသည့် ၃၃ ကေဗွီ၊ ၁၁ ကေဗွီ၊ ၆ ဒသမ ၆ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ ရွှေ့ပြောင်း တည်ဆောက်မည့် ဓာတ်အားလိုင်း အူကြောင်းများ ရွေးချယ်ထားမှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပိုင်းလိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှု စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

---



# ဖျာပုံမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးပြီးမိခင်များ၊ (၅)နှစ်အောက်ကလေးများ ကျန်းမာရေးမြှင့်တင်ပေးမှုနှင့် ကျား/မ အခြေပြုသင်တန်းဖွင့်လှစ်

ဖျာပုံ ဇူလိုင် ၂၇

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးပြီးမိခင်များ၊ ငါးနှစ်အောက်ကလေးများ ကျန်းမာရေးမြှင့်တင်ပေးမှုနှင့် ကျား/မ အခြေပြုသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ် (၆)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စန်းစန်းမြင့်အောင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက သင်ကြားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါက်တာ နွယ်နီအုန်း၊ ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဖျာပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် သင်တန်းတက်ရောက်ကြမည့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြပြီး ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်းများအတွက် မိခင်၊ မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေးများအား ပြုစုစောင့်ရှောက်မှုပေးခြင်း၊ လူထုစည်းရုံး လှုံ့ဆော်ခြင်းနှင့် ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ နည်းလမ်းများကို နှစ်ရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# မိုက်ခရိုပရိုဆက်ဆာတို့ တိုးတက်ပြောင်းလဲလာခြင်း (၄)

**နီဇော်သစ်**




၂၀၁၀ ပြည့်လွန်နှစ်များသည် အသိဉာဏ်တု သို့မဟုတ် အေအိုင်နည်းပညာ၏ အခြေခံဖြစ်သော စက်သင်ကြားမှု (machine learning) အပိုင်းသို့ ဂျီပီယူများ နက်နက်ရှိုင်းရှိုင်းပါဝင်ပတ်သက်လာသည့်ကာလဖြစ်သည်။ ထိုသို့ပါဝင်လာခြင်းကြောင့်လည်း အေအိုင်နည်းပညာ တိုးတက်မှုရုတ်တရက် အရှိန်အဟုန်မြင့်သွားရသည်ဟု ဆိုနိုင်သည်။ ဆိုရလျှင် ၂၀၁၀ ပြည့်နှစ်အထိ အေအိုင်နည်းပညာ၏ အရေးပါမှုကို မည်သူမျှ ထဲထဲဝင်ဝင် စိတ်ဝင်စားမှုမရှိကြသေး။ ယခုအချိန်တွင်မူ လူတိုင်းကိုင်နေကြသည့် စမတ်ဖုန်းများ၊ အိတ်ဆောင်ကွန်ပျူတာများမှအစ နေရာတိုင်းလိုလိုတွင် အေအိုင်နည်းပညာ ပျံ့နှံ့ဝင်ရောက်လာနေပြီဖြစ်သည်။

ပရိုဆက်ဆာများ၏ ဖွံ့ဖြိုးတိုးတက်မှုများအကြောင်းကို ဆက်သွားရလျှင် ၂၀၁၆ ခုနှစ်၌ အင်တဲလ်ပရိုဆက်ဆာများတွင် စီပီယူနှင့် ဂျီပီယူတို့က မင်မိုရီကို မျှဝေသုံးစွဲသည့် နည်းပညာ ထည့်သွင်းလာသည်။ မျိုးဆက်(၇) စီပီယူများဖြစ်သည်။ ဒီဒီအာရ်-၄ မင်မိုရီများက ယင်းကို အထောက်အပံ့ပေးသည်။ ထို့ကြောင့် ဂျီပီယူတို့၏ စွမ်းရည် ပိုမိုမြင့်တက်လာသလို ပါဝါသုံးစွဲမှုလည်း ပိုမိုကျဆင်းလာသည်။ ထိုနှစ်မှာပင် အက်ပဲလ်၏ အေ-၁၀ ဖျူးရှင်း အက်စ်အိုစီ (စီပီယူ+ဂျီပီယူ) ချစ်ပ်များ ပေါ်ထွက်လာသည်။

အက်ပဲလ်သည် ၂၀၁၀ ပြည့်နှစ် အိုင်ဖုန်း-၄ များကတည်းက ပထမဆုံး အက်စ်အိုစီချစ်ပ်များကို စတင်သုံးစွဲခဲ့သည်။ ၂၀၁၄ ခုနှစ် အိုင်ဖုန်း-၆ များတွင် အသုံးပြုသည့် အေ-၈ ချစ်ပ်များမှစတင်၍ စီပီယူ၊ ဂျီပီယူ၊ အိုင်အက်စ်ပီ၊ ကွန်ထရိုလာအားလုံးကို ချစ်ပ်တစ်ခုတည်းပေါ်တွင် တင်ထားသည့် အက်စ်အိုစီဖြစ်လာသည်။ အိုင်အက်စ်ပီဆိုသည်မှာ အက်ပဲလ်က ဖန်တီးထားသည့် ပုံရိပ်ဖမ်းပရိုဆက်ဆာဖြစ်သည်။ အေ-၁၀ ဖျူးရှင်းတွင်မူ ထိုနည်းပညာများအားလုံး အကောင်းဆုံးစတင်လည်ပတ်ခဲ့သည်ဟုဆိုရမည်။ ထို့ကြောင့် အိုင်ဖုန်း-၇ များသည် ရှေ့မျိုးဆက်များထက် စွမ်းဆောင်ရည် သိသိသာသာ ပိုကောင်းသလို သက်တမ်းလည်း ကြာရှည်ပိုခံသည်။

ဤနေရာတွင် အေအိုင်နည်းပညာ တိုးတက်မှုတစ်ခုကို ထည့်သွင်းပြောရန် လိုအပ်လာသည်။ ပရိုဆက်ဆာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်နေ၍ ဖြစ်ပါသည်။ ယင်းမှာ ၂၀၁၅ ခုနှစ်တွင် ဂူးဂဲလ်က တင်ဆာဖလိုးဟုခေါ်သည့် စက်လေ့လာသင်ယူမှု ဖရိန်တစ်ခုကို အင်တာနက်ပေါ်တွင် ပွင့်လင်းအရင်းအမြစ်အဖြစ် တင်လိုက်ခြင်းဖြစ်သည်။ တင်ဆာဆိုသည့်အသုံးအနှုန်းမှာ ရူပဗေဒနှင့် သင်္ချာသမားတို့မှလွဲ၍ သိသူနည်းမည်ဖြစ်ပြီး အနည်းငယ်ပြောပါမည်။ ရူပဗေဒသဘောအရ ဥပမာအားဖြင့် ရွေ့လျားမှုတစ်ခု၏ ပမာဏသက်သက်ကိုပြောလျှင် စကေလာဟု ခေါ်သည်။ ထိုရွေ့လျားမှုတွင် ဦးတည်ဘက် သို့မဟုတ် လားရာကိုပါထည့်တွက်လျှင် ဗက်တာဟုခေါ်သော သင်္ချာနည်းကိုသုံး၍ တွက်ရသည်။ အတိုင်းအားဖြင့်ပြောလျှင် ဗက်တာနည်းဖြင့် အလျား၊ အနံ၊ အမြင့် သုံးဘက်တိုင်း လောကအထိ တွက်ချက်နိုင်သည်။ အိုင်းစတိုင်း၏ ယေဘုယျနှိုင်းရမ္မက အာကာသနှင့်အချိန်သည် သီးခြားမဟုတ် တစ်သားတည်းကျသည်ဟု ပြောလာရာ ထိုအလျား၊ အနံ၊ အမြင့် သုံးဘက်တိုင်း၌ အချိန်အတိုင်းတစ်ခုပါထည့်ပြီး လေးဘက်တိုင်းဖြစ်သွားချိန်တွင်မူ ဗက်တာနည်းဖြင့်တွက်၍မရတော့ဘဲ တင်ဆာဟုခေါ်သော သင်္ချာနည်းကို ထည့်တွက်လာရသည်။ ယင်းမှာ တင်ဆာသဘောကို မြင်ရုံပြောပြခြင်းဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် အင်တဲလ်၏ မျိုးဆက်(၈) စီပီယူများနှင့်အပြိုင် အေအမ်ဒီ၏ ရိုင်ဇန်-၂ ပရိုဆက်ဆာများ ထွက်ပေါ်လာသည်။ ထိုနှစ်မျိုးသည် ၂၀၁၉ ခုနှစ်အထိ ကွန်ပျူတာလောကကို လွှမ်းမိုးခဲ့သည်ဟု ဆိုနိုင်သည်။ ထိုနှစ်တွင် ထူးခြားချက်မှာ အင်န်ဗီးဒီးယား၏ ဗို့လ်တာချစ်ပ်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ အင်န်ဗီးဒီးယား၏ ပထမဆုံး တင်ဆာကိုး အာကီတက်ချာ အသုံးပြုထားသည့် ချစ်ပ်များဖြစ်သည်။ တင်ဆာကိုးဆိုသည်မှာ စက်သင်ယူမှုအတွက် လိုအပ်သည့် နက်နက်နဲနဲ သင်ယူခြင်း (deep learning)ကို အထောက်အကူပြုရန် ရည်ရွယ်ဖန်တီးထားသည့် ဂျီပီယူ အာကီတက်ချာဟု အလွယ်ပြောနိုင်သည်။ အီတလီ သိပ္ပံပညာရှင် အလက်ဇန်ဒရို ဗို့လ်တာ၏ အမည်ကို ယူသုံးထားခြင်းဖြစ်သော်လည်း အမည်ကိစ္စ တရားတပေါင်ဖြစ်ပြီးနောက် ၂၀၂၃ ခုနှစ်တွင် အင်န်ဗီးဒီးယားသည် ဗို့လ်တာ အမည်ကို လက်လွှတ်လိုက်ရပြီး ဗို့လ်တာ အေအိုင်စက်ရုပ်လုပ်ငန်းက ထိုအမည်ကို သုံးစွဲခွင့်ဆက်ရသွားသည်။

၂၀၁၇ ခုနှစ်မှာပင် အက်ပဲလ်၏ အေ-၁၁ ဘိုင်အိုးနစ်ချစ်ပ်များ ပေါ်ထွက်လာသည်။ ပထမဆုံး အင်န်ပီယူချစ်ပ်ဖြစ်သည်။ အင်ပီယူကို နျူရယ်ကွန်ရက်ပရိုဆက်ဆာဟု ဆိုနိုင်သည်။ နျူရယ်ကွန်ရက်ဆိုသည်မှာ အေအိုင်နည်းပညာအတွက် မရှိမဖြစ် လိုအပ်သည့်အပိုင်းဖြစ်သည်။ စက်လေ့လာသင်ယူမှု၊ နက်နက်နဲနဲ လေ့လာသင်ယူမှုတို့ပြီးလျှင် နျူရယ်ကွန်ရက်ကို ရောက်သည်။ နျူရယ်ကွန်ရက်၏ အားသာချက်မှာ အမှားတစ်ခုဖြစ်သွားခဲ့လျှင် အဆင့်ဆင့် နောက်ပြန်ဆုတ်ပြီး မှန်သည့်နေရာမှ တစ်ဖန် ပြန်လည်တွက်ချက်နိုင်ခြင်းဖြစ်သည်။ ထိုနည်းအားဖြင့် စက်၏သင်ယူမှုကို မြှင့်တင်ပေးသည်။ လူသားတို့၏ အာရုံကြောကွန်ရက်ပုံစံမျိုး ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်၍ နျူရယ်ကွန်ရက်ဟု အမည်ပေးထားခြင်းဖြစ်သည်။ အမှန်တွင် နျူရယ်ကွန်ရက်သည် စီပီယူများပေါ်တွင် အယ်လ်ဂိုရစ်သမ်အဖြစ် စတင်ခဲ့သည်။ ယခု အက်ပဲလ်က ထိုနျူရယ်ကွန်ရက် အယ်လ်ဂိုရစ်သမ်ကို အပြည့်အဝ ထောက်ပံ့ပေးမည့် ပရိုဆက်ဆာတစ်ခု တည်ဆောက်လာခြင်းဖြစ်သည်။ တင်ဆာကိုးနှင့် အင်န်ပီယူတို့ ပေါ်ထွက်လာခြင်းမှာ အက်စ်အိုစီပေါ်သို့ အေအိုင်နည်းပညာတင်ရန် ကြိုးစားနေပြီဆိုသည့် ပြယုဂ်လည်းဖြစ်သည်။ အက်ပဲလ်၏ အိုင်ဖုန်း-၈ နှင့် အိက်စ်တို့တွင် ထိုချစ်ပ်များကို သုံးထားသည်။ ထိုအချိန်မှစ၍ အက်ပဲလ်၏ အက်စ်အိုစီတွင် စီပီယူ၊ ဂျီပီယူ၊ အိုင်အက်စ်ပီ၊ ကွန်ထရိုလာတို့နှင့်အတူ အင်န်ပီယူလည်း ပါဝင်လာသည်။

ယခုပြောခဲ့သည့်ကာလများအတွင်း ပရိုဆက်ဆာတို့နှင့် မဆိုင်သော်လည်း အေအိုင်နည်းပညာတိုးတက်မှုတစ်ခုကို ထည့်ပြောချင်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဗြိတိသျှ အေအိုင်လုပ်ငန်းသစ်လေးတစ်ခုဖြစ်သော ဒိမိုင်းဒ်က အယ်လ်ဖာဂိုဆိုသည့် တရုတ်ကျား ကစားတတ်သည့်အေအိုင်ကို တီထွင်ခဲ့သည်။ တရုတ်ကျားကစားနည်းသည် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ကစားနည်းထက် အကွက်ပိုများပြီး ပိုမိုရှုပ်ထွေးသည့်ကစားနည်းဖြစ်သည်။ ရှေ့တွင် တရုတ်ကျားကစားသည့် ပရိုဂရမ်များ ပေါ်ထွက်ခဲ့သော်လည်း သာမန် ကစားသမားတစ်ယောက်ကိုပင် ရှုံးနိမ့်သည့်အဆင့်တွင်သာရှိခဲ့သည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် အယ်လ်ဖာဂိုက ကမ္ဘာ့ချန်ပီယံ လီဆယ်ဒေါ်ကို စိန်ခေါ်ချိန်၌ လူတိုင်းက အယ်လ်ဖာဂို ဘယ်လိုမှမနိုင်နိုင်ဟု ယူဆခဲ့ကြသော်လည်း တကယ်တမ်းတွင် အယ်လ်ဖာဂိုက ပွဲတိုင်းအနိုင်ယူခဲ့သည်။ ထို့ပြင် တစ်ပွဲ၌ အယ်လ်ဖာဂို၏ ရွှေ့ကွက်တစ်ခုသည် တရုတ်ကျားသဘောတရားအရ ရှုံးသွားမည့်ရွှေ့ကွက်တစ်ခုဟု အားလုံးက ထင်ခဲ့သော်လည်း နောက်ဆုံးတွင် နိုင်ခဲ့သည့်အပြင် ထိုရွှေ့ကွက်မှာ နှစ်ပေါင်းထောင်ချီသည့် တရုတ်ကျား သမိုင်းတစ်လျှောက် လူသားကစားသမားတို့ မမြင်နိုင်ခဲ့သော အဓိကရွှေ့ကွက်တစ်ခုဖြစ်ခဲ့သည်။ ပိုထူးခြားသည်မှာ ဒိမိုင်းဒ်၌ နောက်ထပ်မျိုးဆက်ဖြစ်သည့် အယ်လ်ဖာဇီးရိုးကို ဘာမှသင်ပေးခြင်းမရှိဘဲ ရွှေ့ကွက်နည်းစနစ်များကိုသာ ပြသပေးပြီး အယ်လ်ဖာဇီးရိုးအချင်းချင်း ပြန်ကစားခိုင်းကာ လေ့လာသင်ယူစေသည်။ ထိုနည်းဖြင့် မောင်းထားသော အယ်လ်ဖာဇီးရိုးသည် အယ်လ်ဖာဂိုကို အပြတ်အသတ်အနိုင်ယူခဲ့လေသည်။ ထို့ကြောင့် စက်လေ့လာသင်ယူမှု၊ နက်နက်နဲနဲ သင်ယူမှု၊ နျူရယ်ကွန်ရက်တို့၏ သက်ရောက်မှုမှာ ဘယ်လောက်ကြီးမားလဲဆိုသည်ကို မြင်တွေ့နိုင်သည်။ နောက်ဆက်တွဲအားဖြင့် ဒိမိုင်းဒ်ကို ဂူးဂဲလ်က ဝယ်လိုက်ပြီဖြစ်ပြီး တည်ထောင်သူ မူစတာဖာ ဆူလီမန်သည်လည်း မိုက်ခရိုဆော့ဖ် အေအိုင်စီအီးအို ဖြစ်လာခဲ့လေသည်။

---

# အနာဂတ်စားသောက်ဆိုင်အရသာကို ခံစားရစေသည့် တက်စလာ ဒိုင်နာ




အယ်လွန်မက်စ်၏ တက်စလာကုမ္ပဏီက အနာဂတ်အရသာကို ခံစားရစေနိုင်မည့် စားသောက်ဆိုင်တစ်ခုကို ဟောလီးဝုဒ်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

တက်စလာ ဒိုင်နာဟု အမည်ပေးထားသော ထိုဆိုင်တွင် စားပွဲ ၂၅၀ ထည့်သွင်းထားပြီး မနက်စာ၊ ဘာဂါနှင့် ဆင်းဒဝစ်၊ ကလေးများအတွက် စားစရာ၊ တွဲဖက်အစားအစာများ၊ အချိုပွဲများနှင့် သောက်ဖွယ်များဆိုသည့် မီနူးခြောက်ခုကို မှာယူနိုင်မည်ဖြစ်သည်။ ဈေးနှုန်းများမှာ ကြက်ဥဆင်းဒဝစ်ကို ၁၂ ဒေါ်လာ၊ တက်စလာ ဘာဂါအပါအဝင် ဘာဂါနှင့် ဆင်းဒဝစ်များကို တစ်ခု ၁၃ ဒေါ်လာခွဲ၊ ဟော့ဒေါ့တစ်ခု ၁၃ ဒေါ်လာ ပေးရမည်ဖြစ်သည်။

ထို့ပြင် စားသောက်ခန်းထဲမှနေ၍ အပြင်မှ ၆၆ ပေ ဖန်သားပြင်ကြီးပေါ်၌ ရုပ်မြင်သံကြား တင်ဆက်မှုများကိုလည်း ခံစားနိုင်သေးသည်။ အနာဂတ်အရသာဆိုသည်မှာ အက်ပ်ထဲမှမှာယူနိုင်ပြီး စက်ရုပ်များက လာရောက်ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ စက်ရုပ်စားပွဲထိုးများ သက်သက်မသုံးနိုင်သေးသော်လည်း အနာဂတ်အစီအစဉ်တော့ ရှိပုံရသည်။ ကားမောင်းလာရင်း လမ်းမှာပင် ဖုန်းပေါ်မှ မှာယူမှုများ ကြိုတင်လုပ်ထားနိုင်သည်။ ထိုသို့မဟုတ်ဘဲ ဆိုင်ထဲရောက်မှ မှာလိုလျှင်လည်း မှာနိုင်သည်။

ကားမောင်းဝင်သွားပြီးနောက် လျှပ်စစ်ကား အစီး ၈၀ အတွက် မြန်နှုန်းမြင့် အားသွင်းစက်များရှိနေမည်ဖြစ်သည်။ တက်စလာကားများအတွက်သာမဟုတ်ဘဲ မည်သည့်လျှပ်စစ်ကားအတွက်မဆို အားသွင်းနိုင်သည်။ လျှပ်စစ်ကား အစီး ၈၀ အားသွင်းနိုင်သော အားသွင်းရုံများမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးအားသွင်းရုံများထဲမှ တစ်ခုဟုပင် ဆိုနိုင်သည်။

ထို့ပြင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်စေရန် အနောက်ဘက် အားသွင်းရုံအမိုးကို ဆိုလာပြားများ အပြည့်တပ်ထားပြီး နေရောင်ခြည်စွမ်းအင်မှရရှိသော လျှပ်စစ်စွမ်းအင်ကို အသုံးပြုထားသည်ဟု တက်စလာက ရှင်းပြထားသည်။ ထိုဆိုလာပြားများကြောင့် ကာဗွန်ဝေစု တစ်နှစ်လျှင် ပေါင် ၂၆ ဒသမ ၆ သန်း သက်သာစေမည်ဖြစ်သည်။

တက်စလာ ဒိုင်နာဆိုင်ကို ကုမ္ပဏီပိုင် အိက်စ် လူမှုကွန်ရက်တွင် ကြော်ငြာထားရာ အမေရိကန်စားသုံးသူများအကြား အမြင်အမျိုးမျိုးရှိကြသည်ကို တွေ့ရသည်။ အချို့က အနာဂတ်နည်းပညာများအတွက် အားရကျေနပ်မှုရှိကြသလို သစ်ပင်စိုက်ပျိုးထားခြင်းမရှိသည့်အတွက် ဝေဖန်မှုများအထိရှိနေသည်ကို တွေ့ရသည်။

Ref: DailyMail

# ဒုတိယဝန်ကြီး ဦးထိန်လင်း အားကစားလေ့ကျင့်ရေးရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးဟောင်းသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံကွင်းအတွင်းရှိ မြန်မာနိုင်ငံ ခရစ်ကက် အားကစားအဖွဲ့ချုပ်က အားကစားသမားများ လေ့ကျင့်ရန်ကွင်းပြင်ဆင်နေမှုများ၊ မိုးလုံလေလုံအားကစားရုံကို အမိုးများလဲလှယ်တပ်ဆင်ရန်ပြင်ဆင်နေမှုများ၊ ကြမ်းခင်းများခင်းကျင်းရန် ပြင်ဆင်ထားမှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပဏ္ဏာမလက်ရွေးစင်အားကစားသမားများအတွက် ဖွင့်လှစ်ကုသပေးလျက်ရှိသည့် အားကစားဆေးဘက်ဌာနခွဲ ဆေးခန်းသို့ရောက်ရှိပြီး ကုသမှုဆိုင်ရာ စက်ပစ္စည်းများထားရှိမှုကိုကြည့်ရှုစစ်ဆေးကာလိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



# ဩဂုတ်လတွင်ကျင်းပမည့် နိုင်ငံတကာဘောလုံးခြေစစ်ပွဲလေးခုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက် လက်ရွေးစင်အသင်းများ၊ ကလပ်အသင်းများသည် ဩဂုတ်လတွင် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစစ်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲများထဲမှ နိုင်ငံတကာခြေစစ်ပွဲလေးခုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။



AFC Challenge League ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် အာဆီယံကလပ် ခြေစစ်ပွဲယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်းတို့ MNL League Cup ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့စဉ်။

ဩဂုတ်လအတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအနက် မြန်မာယူ-၂၀ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်း ယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ၊ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်မည့် ၂၀၂၅-၂၀၂၆ ရာသီ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲခြေစစ်ပွဲ၊ ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်မည့် ၂၀၂၅-၂၀၂၆ ရာသီ AFC Challenge League ခြေစစ်ပွဲ၊ မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်မည့် ၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်း၌ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိန္ဒိယ၊အင်ဒိုနီးရှား၊ တာ့ခ်မင်နစ္စတန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးရပ်တည်မှုရ ရှစ်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးသုံးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။

AFC Challenge League ခြေစစ်ပွဲကိုမူ တစ်ကျော့တည်းကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက်တွင်ပြုလုပ်မည်ဖြစ်ကာ ရန်ကုန်ယူနိုက်တက်အသင်းသည် လာအိုကလပ် EZRA အသင်းနှင့် တွေ့ဆုံနေသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရပါက နောက်ဆုံးအဆင့်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာကလပ် နောက်တစ်သင်းဖြစ်သော ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်မည့် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲခြေစစ်ပွဲကို နှစ်ကျော့ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲကို ဒုတိယအကျော့ကစားရခြင်းဖြစ်သည်။ ပထမအကျော့အဝေးကွင်းပွဲကို ဩဂုတ် ၉ ရက်တွင်ကစားပြီး ဒုတိယအကျော့ အိမ်ကွင်းပွဲကို ဩဂုတ် ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း လာအိုကလပ် EZRA အသင်းနှင့်ပင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်းသည် အုပ်စု(က) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် အုပ်စု(က)တွင် Stallion Laguna (ဖိလစ်ပိုင်)၊ Strykers (ဂူအမ်)၊ Khovd Western (မွန်ဂိုလီးယား)တို့နှင့် ကျရောက်နေပြီး အုပ်စုငါးခုခွဲ ပြုလုပ်မည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-စိုးညွန့်သော်**

# လက်ရွေးစင် တိုက်စစ်ကစားသမား ဟိန်းထက်အောင်ကို ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူ

ရန်ကုန် ဇူလိုင် ၂၇

မြန်မာ နေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက် အသင်းသည် မြန်မာ့လက်ရွေးစင် တိုက်စစ်ကစားသမား ဟိန်းထက်အောင်ကို ခေါ်ယူလိုက်ပြီဖြစ်သည်။




ရန်ကုန်ယူနိုက်တက် အသင်းသည် ယခုလဆန်းပိုင်းက ကျင်းပပြီးစီးခဲ့သည့် MNL League Cup ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက် အသင်းအင်အားပိုမိုတောင့်တင်းလာစေရန်နှင့် ယခုရာသီတွင် ထပ်မံယှဉ်ပြိုင်ရမည့် MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆု တစ်ကျော့ပြန်ရယူနိုင်ရန်နှင့် AFC Challenge League ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရေး၊ နောက်ဆုံးအဆင့် တက်ရောက်ကစားခွင့်ရပါက ရလဒ်ကောင်းရယူနိုင်ရန် အင်အားဖြည့်တင်းမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် တိုက်စစ်ပိုင်းအားဖြည့်သည့်အနေဖြင့် ဟိန်းထက်အောင်ကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသားကစားသမားအချို့လည်း ထပ်မံခေါ်ယူမည်ဖြစ်သည်။

ဟိန်းထက်အောင်သည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ရာသီအပြီးထိ မလေးရှားကလပ် အသင်းများတွင် သာကစားပြီးနောက် ပြည်တွင်းလိဂ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ဟိန်းထက်အောင်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ဟံသာဝတီယူနိုက်တက်အသင်းတွင်စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှစတင်၍ မလေးရှားကလပ် ဆီလန်ဂေါ်အသင်းတွင်ကစားခဲ့ကာ နောက်ဆုံးနှစ်ရာသီတွင် မလေးရှားကလပ် နီဂျီရီဆီဘန်လမ်အသင်းတွင် အငှားသွားရောက်ကစားခဲ့သည်။

**သတင်း-မောင်စံကြီး**

**ဓာတ်ပုံ-YUFC**

❍ **ကျောဖုံးမှ**

Royal Noka အသင်းက Generations အသင်းကို လေးဂိုး-တစ်ဂိုး၊ Winner Soccer အသင်းက VUC ULAD အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ MIU အသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) တွင် Kyaung Sayar Tharhtwe အသင်းက Pacific Sun Far အသင်းကို ငါးဂိုး-နှစ်ဂိုး၊ မလိခအသင်းက Avengers Junior အသင်းကို ငါးဂိုး-လေးဂိုး၊ Victoria အသင်းက SGF အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Golden Boys အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုး၊ Jullniss အသင်းက TKA Star အသင်းကို ငါးဂိုး-တစ်ဂိုး၊ King Cobra အသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိသည်။ Kyaung Sayar Tharhtwe အသင်းသည် ဒုတိယနေရာမှ Pacific Sun Far အသင်းကို အနိုင်ကစားနိုင်သဖြင့် ထိပ်ဆုံးတွင် ၁၀ မှတ်အသာရမှတ် ၄၅ မှတ်ဖြင့် ပြတ်ပြတ်သားသားဦးဆောင်နေပြီး ပွဲစဉ်(၁၅) အပြီးတွင် Pacific Sun Far အသင်းက ၃၅ မှတ်၊ SGF အသင်းနှင့် Victoria အသင်းတို့က ၂၈ မှတ်စီ၊ Golden Boys အသင်းက၂၇ မှတ်ဖြင့် နောက်မှလိုက်နေသည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF**

**သင့်သွေးဖြင့်**
**အသက်**
**ကယ်ပါ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်မီမီကျော်(ဘ) ဦးကျော်ဆွေ [၁၄/ဖပန(နိုင်)၁၄၂၄၄၄] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၂၄၉၂၄၁**

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့၊ အထက သိမ်ကုန်းကျောင်း G-10နေ မောင်ပြည့်ဖြိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ချစ်[၁၃/ကလန(နိုင်)၁၂၃၂၈၃] ဖြစ်ပါကြောင်း။

**"ပြင်ဆင်ဖတ်ရှုပါရန်"**

(၂၇-၇-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၉)ကြော်ငြာတွင် "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း" တရားလွှတ်တော်ရှေ့နေ ဒေါ်စိုးစိုးကြည်ကြော်ငြာတွင် ဒေါ်ချိုချိုအေး၏ လွှဲအပ်ညွှန်ကြားချက် အရအစား ဒေါ်သီသီဟန်၏ လွှဲအပ်ညွှန်ကြားချက်အရဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်[ပစ(င)၃၄၉၁]၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒုတက တင်ဝင်း ၁၂/ဒဂရ(နိုင်)၀၂၉၃၇၉ (ဘ)ဦးညွန့်တင်မှ မြေငှားစာချုပ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းမူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး နှစ်(၃၀) မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ပျောက်ဆုံးသွားသော နှစ်(၃၀)မြေငှားစာချုပ် စာအုပ်(မူရင်း)အား ပယ်ဖျက်၍ နှစ်(၃၀)မြေငှားစာချုပ်(မိတ္တူမှန်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အများသိစေရန်ကြေညာခြင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ သင်္ဂဟာလမ်း၊ မြေကွက်အမှတ်(၁၃၆၀-ခ)၊ ဧရိယာအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် အိုးအိမ်ဦးစီးဌာနမှ** ဦးကျော်ကျော်ဦး[၁၂/ဗဟန(နိုင်)၀၂၅၄၀၀]အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးကျော်ကျော်ဦး ထံမှ (၂၀ ပေ x ၆၀ ပေ)ရှိ မြေကို ဆက်စပ်စာချုပ်များအရ ဦးစိုးသိန်း[၁၀/ကထန(နိုင်)၀၇၈၇၆၅]မှ အိမ်နှင့်မြေရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထိုက်ဝဏ္ဏအောင်[၁၂/သဃက(နိုင်)၁၈၄၀၈၁]နှင့် ဒေါ်ဆုလာဘ်မွန်[၁၂/အလန(နိုင်)၀၄၆၀၅၇]တို့မှ ၂၅-၇-၂၀၂၅ ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ ဝယ်ယူပြီး လက်ရောက်လွှဲပြောင်းရရှိလျက် ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးတင့်(စဥ်-၃၆၀၈၆)** **ဒေါ်ခင်မိုးသူ (စဥ်-၈၅၂၁/၁၂)**
**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၉၃၅၉၆၆၄၅**

**"ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၂၃၇/ခ)၊ အိမ်အမှတ်- ၃၇၊ မာန်ပြေ(၆)လမ်းအရှေ့၊ ဦးတင်မောင်ဝင်း[၁၂/သကတ(နိုင်)၀၃၀၉၀၁]အမည်ပေါက် အကျယ်အဝန်း(၂၀'x၆၀')၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် တစ်ထပ်နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အားအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"**

အထက်ရည်ညွှန်းလိပ်စာပါမြေနှင့်အိမ်ကို အမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူများဖြစ်သော ဦးလှမိုး[၁၂/ခရန(နိုင်) ၀၈၇၆၈၁]၊ ဒေါ်တင့်တင့်ခိုင်[၁၂/သကတ(နိုင်)၁၂၄၇၅၂]၊ ဦးတင်ကြည်လှိုင်[၁၂/သကတ(နိုင်)၁၅၆၂၁၇] နှင့် ဒေါ်သီတာဝင်း[၁၂/သကတ(နိုင်)၁၅၂၁၀၁]တို့မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာဆွေ[၉/အမရ(နိုင်)၀၈၄၆၄၈]က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်မာဆွေ**
**ဖုန်း-၀၉-၂၁၃၀၇၄၂**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၁၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

